# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

သင်ခန်းစာ သုံး

ပဋိညာဉ်၏လူများ

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း .......... 1

ပဋိညာဉ်တွင်ရှိသော လူသားမျိုးနွယ် .......... 1

**အဓိကအချက်များ .......... 2**

အာဒံ .......... 2

နောဧ .......... 4

**ပရောဖက်များ၏မှီခိုအားထားခြင်း .......... 5**

လူမျိုးတို့၏အပြစ်များ .......... 6

လူမျိုးများအား ရွေးနှုတ်ကယ်တင်ခြင်း .......... 6

ပဋိညာဉ်၌ရှိသော ဣသရေလလူမျိုး .......... 7

**အာဗြဟံ .......... 8**

အဓိကအချက်များ .......... 8

ပရောဖက်များ၏မှီခိုအားထားခြင်း .......... 8

**မောရှေ .......... 9**

အဓိကအချက်များ .......... 9

ပရောဖက်များ၏မှီခိုအားထားခြင်း .......... 10

**ဒါဝိဒ် .......... 10**

အဓိကအချက်များ .......... 11

ပရောဖက်များ၏မှီခိုအားထားခြင်း .......... 11

**ပဋိညာဉ်သစ် .......... 12**

ပဋိညာဉ်၌ ကယ်တင်ခြင်း .......... 13

**ပဋိညာဉ်ပြင်ပ .......... 14**

**မြင်နိုင်သောပဋိညာဉ် .......... 14**

**မျက်မြင်မရသောပဋိညာဉ် .......... 18**

နိဂုံး .......... 21





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

"လူတွေအတွက်မဟုတ်ပါက၊ ဤအလုပ်သည်ကောင်းလိမ့်မည်" ဟုပြောခဲ့သည့် သင်းအုပ်ဆရာ၏ရွေးပြက်လုံးများကို သင်ကြားဖူးပေလိမ့်မည်။ ၎င်းသည် ဘဝ၏နယ်ပယ်များစွာတွင် ဤကဲ့သို့ပင်ဖြစ်သည်။ ကျွန်ုပ်တို့နှင့်ဆက်ဆံသည့်လူများအတွက်မဟုတ်လျှင် ဘဝကကောင်းမွန်ပေလိမ့်မည်၊ သို့သော်အမှန်တကယ်တွင် ကျွန်ုပ်တို့သည်လူများနှင့်ဝေးကွာ၍မရပါ။ ဘဝသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှိသောသူများနှင့်ဖွဲ့စည်းထားသည်။ ၎င်းသည် ဓမ္မဟောင်းပရောဖက်များ၌လည်း အတူတူပင်ဖြစ်သည်။ သူတို့သည်လည်း လူများနှင့်ဆက်ဆံနေထိုင်ရသည်။

ထို့ကြောင့်၊ ဤသင်ခန်းစာကို "ပဋိညာဉ်၏လူများ" ဟုခေါင်းစဉ်တပ်ထားပါသည်။ ကျွန်ုပ်တို့သည် အယူအဆသုံးခုကို လေ့လာသုံးသပ်ပါမည်။ ပထမ၊ ပဋိညာဉ်တွင်ရှိသောလူသားမျိုးနွယ်—ဘုရားသခင်နှင့်လူအားလုံးကြားရှိ ပဋိညာဉ်ဆက်ဆံရေးကို ဓမ္မဟောင်းပရောဖက်များသည် မည်သို့ရှုမြင်ခဲ့ကြသနည်း။ ဒုတိယ၊ ပဋိညာဉ်တွင်ရှိသောဣသရေလ—ပဋိညာဉ်ဆက်နွယ်မှုမှတစ်ဆင့်ဣသရေလလူမျိုးအတွက် မည်သည့်အထူးအခန်းကဏ္ဍ ရောက်ရှိလာသနည်း။ ထို့နောက်၊ နောက်ဆုံးတွင်ပဋိညာဉ်အသိုက်အဝန်းတွင်ရှိသောကယ်တင်ခြင်း စသည်တို့ဖြစ်သည်။ ပဋိညာဉ်တွင်ရှိသောလူသားမျိုးနွယ်၏ဘုရားသခင်နှင့်ဆက်ဆံရေးကို ဓမ္မဟောင်း၏ပရောဖက်များ နားလည်သဘောပေါက်ပုံကို ဦးစွာကြည့်ကြပါစို့။

# ပဋိညာဉ်တွင်ရှိသော လူသားမျိုးနွယ်

လူများအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သိသောအရာတစ်ခုမှာ လူတစ်ဦးနှင့်တစ်ဦး မတူကြသည့်အချက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် မတူညီသောယဉ်ကျေးမှုများမှ ဆင်းသက်လာပြီး၊ မတူညီသော ကိုယ်ရည်ကိုယ်သွေးများရှိသည်။ သို့သော်တစ်ချိန်တည်းမှာပင်၊ လူတိုင်း၌ တူညီသောအရာများရှိသည်ကို ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့အားလုံး ဗိုက်ဆာသည်။ ကျွန်ုပ်တို့အားလုံး မိတ်ဆွေတစ်ဦးလိုအပ်သည်။ ကျွန်ုပ်တို့အားလုံးအခွန်ပေးဆောင်ကြသည်။ ဤအရာသည် လူတို့နှင့်ပတ်သက်၍မှန်ကန်ကြောင်း ပရောဖက်များလည်းသိကြသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးအား ကိုယ်တော်၏အထူးလူမျိုးတော်အဖြစ် ရွေးချယ်ထားသောကြောင့်၊ မြေကြီးပေါ် ရှိလူမျိုးများသည် ဘုရားသခင်၏ဆက်ဆံခြင်းကို ကွဲပြားစွာခံရကြောင်း သူတို့နားလည်ကြသည်။ သို့ရာတွင် ဘုရားသခင်သည်မြေကြီးပေါ် ရှိလူမျိုးအားလုံးနှင့် ပဋိညာဉ်ဖွဲ့ခဲ့ကြောင်း ပရောဖက်များသိကြသည်။

သင်ခန်းစာ၏ဤအပိုင်းတွင် စကြဝဠာဆိုင်ရာပဋိညာဉ်များနှင့် ဤပဋိညာဉ်များကို ကမ္ဘာပေါ် ရှိ လူမျိုးတို့အား ပရောဖက်များသည် မည်သို့ကိုယ်စားပြုကြောင်းကို ကျွန်ုပ်တို့လေ့လာပါမည်။ မတူညီသောခရစ်ယာန်အုပ်စုများသည် ပဋိညာဉ်များကို ကွဲပြားစွာကိုင်တွယ်ကြသော်လည်း၊ ခရစ်ယာန်ထုံးတမ်းစဉ်လာများစွာသည် ဓမ္မဟောင်းတွင် အဓိကပဋိညာဉ်အဖြစ်အပျက်ငါးခုကို တွေ့မြင်ကြသည်ဟု ဆိုရပေမည်။ ဤအဖြစ်အပျက်များသည် သမ္မာကျမ်းစာ၏သမိုင်းကို သိသာထင်ရှားစွာ ပုံဖော်ခဲ့သည်။ မတူညီသောခေတ်ကာလငါးခုတွင် ဘုရားသခင်သည် ကိုယ်တော်နှင့်သူ၏လူတို့ကြားတွင် ကိုယ်စားလှယ်ခေါင်းဆောင်များမှတစ်ဆင့် ပဋိညာဉ်များကို ချမှတ်ခဲ့သည်။ ဤကိုယ်စားလှယ်များမှာ အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေနှင့် ဒါဝိဒ်တို့ဖြစ်သည်။

## အဓိကအချက်များ

ဓမ္မဟောင်း၏ပထမပဋိညာဉ်နှစ်ခုဖြစ်သည့် အာဒံ၊ နောဧတို့နှင့်ပြုသောပဋိညာဉ်များသည် စကြဝဠာဆိုင်ရာပဋိညာဉ်များဖြစ်သောကြောင့် အခြားပဋိညာဉ်များနှင့် ခြားနားပါသည်။ ဤပဋိညာဉ်တို့သည် ဘုရားသခင်နှင့်လူသားမျိုးနွယ်ကြားတွင် ဖွဲ့ထားသောပဋိညာဉ်များဖြစ်သည်။ ၎င်းတို့သည် လူတစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ လူသားအားလုံးအတွက်ဖြစ်သည်။ ၎င်းတို့သည်ဘုရားသခင်နှင့် သက်ရှိလူသားများကြားတွင် အစဉ်အမြဲတည်နေမည့် အစီအစဉ်များကို ချမှတ်ခဲ့သည်။ ဤစကြဝဠာဆိုင်ရာပဋိညာဉ်များသည် ဓမ္မဟောင်းပရောဖက်များကို ဘုရားသခင်၏ပဋိညာဉ်တရားများဆိုင်ရာ တမန်တော်များအဖြစ် ထမ်းဆောင်စဉ်တွင် အရေးကြီးသော ဓမ္မလမ်းညွှန်ချက်များကို ပေးခဲ့သည်။ ဤစကြဝဠာဆိုင်ရာပဋိညာဉ်များကို ကျွန်ုပ်တို့လေ့လာသောအခါ၊ မတူညီသောပြဿနာနှစ်ခုကို တွေ့ရသည်_ ပထမ၊ ဤစကြဝဠာဆိုင်ရာပဋိညာဉ်များ၏အဓိကအချက်များသည် အဘယ်နည်း။ ဒုတိယ၊ ပရောဖက်များ၏ဓမ္မအမှုတော်များသည် ဤပဋိညာဉ်များအပေါ် မည်သို့မှီခိုနေရသနည်း။ အာဒံ၊ နောဧတို့နှင့်ပြုသောပဋိညာဉ်များ၏ အဓိကအချက်များကို ဦးစွာကြည့်ကြပါစို့။

### အာဒံ

သမ္မာကျမ်းစာပါပထမပဋိညာဉ်သည် အာဒံနှင့်ဘုရားသခင်ပြုခဲ့သော ပဋိညာဉ်ဖြစ်သည်။ ယခု ဤပဋိညာဉ်ကို "လုပ်ငန်းဆိုင်ရာပဋိညာဉ်" ဟုရှေးယခင်ကတည်းက လူသိများသည်။ ကျွန်ုပ်တို့ခေတ်တွင် ဓမ္မပညာရှင်အချို့က ၎င်းကိုပဋိညာဉ်ဟု မခေါ်သင့်ကြောင်းယူဆကြသည်၊ သေချာသည်မှာ "ပဋိညာဉ်" ဟူသောအသုံးအနှုန်းကို ကမ္ဘာဦးကျမ်း ၁–၃ တွင် အသုံးမပြုပါ။ ထို့အပြင်၊ အာဒံနှင့်ပြုလုပ်သောဤပဋိညာဉ်တွင်ပါဝင်သည့် လုပ်ငန်းများထက် များစွာပိုပါသည်။ ဤအရာကို ဘုရားသခင်ကိုယ်တော်တိုင်နှင့် အာဒံကြားတွင်ပြုလုပ်ခဲ့သော "အစီအစဉ်"အဖြစ် ရိုးရှင်းစွာပြောလျှင် ပိုကောင်းပေမည်။ သို့သော် အာဒံလက်ထက်တွင်၊ သမ္မာကျမ်းစာ၏သမိုင်းတစ်လျှောက်လုံးတွင် သက်ရောက်မှုရှိစေမည့် မဏ္ဍိုင်အချို့ကို ဘုရားသခင်ချမှတ်ခဲ့သည်။

အာဒံလက်ထက်တွင် သမ္မာကျမ်းစာသမိုင်းတစ်ခုလုံးအတွက် တည်မြဲသောအနည်းဆုံးမဏ္ဍိုင်သုံးရပ်ကို ချမှတ်ခဲ့သည်။ ဤမဏ္ဍိုင်များမှာ လူသား၏တာဝန်၊ လူသား၏ယိုယွင်းပျက်စီးခြင်းနှင့် လူသား၏ရွေးနှုတ်ကယ်တင်ခြင်းပင် ဖြစ်သည်။ ပထမ၊ ဘုရားသခင်သည် အာဒံလက်ထက်တွင် လူသား၏တာဝန်ကို ခန့်အပ်ခဲ့သည်။ ဘုရားသခင်သည် ဤလောကတွင် သူ၏ပုံသဏ္ဍာန်အဖြစ် လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ပြီး၊ ကမ္ဘာဦး ၁:၂၆ တွင်ဘုရားသခင်သည် လူသားများအကြောင်းကို ဦးစွာမိန့်တော်မူသည်မှာ–

> တစ်ဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့် တညီတသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။… အုပ်စိုးစေဟု အမိန့်တော်ရှိ၏ (ကမ္ဘာဦး ၁:၂၆)။

လူသားအားလုံးသည် ဘုရားသခင်၏ပုံသဏ္ဍာန်ဖြစ်သောကြောင့် ဤလောက၌ ကိုယ်တော်၏ဘုရင်ဖြစ်ခြင်းကိုကိုယ်စားပြုရန် တာဝန်ရှိသည်။ လူသားများသည် ကမ္ဘာမြေ၏နေရာတိုင်းတွင် ဘုရားသခင်ကိုချီးမြောက်သော နည်းလမ်းများဖြင့် အသက်ရှင်နေထိုင်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာ၏ အခြားအစိတ်အပိုင်းတိုင်းနှင့်အတူ၊ လူမျိုးတိုင်းမှလူအားလုံးသည် အာဒံလက်ထက်တွင် ဤမြင့်မြတ်သောတာဝန်ကို ရရှိထားကြောင်း ပရောဖက်များက နားလည်ခဲ့ကြသည်။

ဒုတိယ၊ အာဒံနှင့်စပ်လျဉ်းသည့်အစီအစဉ်သည် ယိုယွင်းပျက်စီးခြင်းကိုလူသားအားလုံး ခံစားခဲ့ရကြောင်းကိုလည်း ပြဌာန်းခဲ့သည် ။ သမ္မာကျမ်းစာ၏သမိုင်းတစ်ခုလုံးကို ဤမျှရှင်းလင်းစွာ ဖော်ပြထားသည့်အတိုင်း၊ ကမ္ဘာဦးကျမ်း ၃ ၏အဖြစ်အပျက်များသည် အာဒံနှင့်ဧဝတို့၏အသက်တာ အတွက်သာ သီးခြားမဟုတ်ပါ။ ရောမအခန်းကြီး ၅ တွင် သွန်သင်ထားသည့်အတိုင်း၊ အာဒံ၏အပြစ်ကြောင့် လူသားမျိုးနွယ်တစ်ခုလုံးသည် အပြစ်သားများဖြစ်လာပြီး ဘုရားသခင်၏တရားစီရင်မှုအောက်တွင် ရှိနေပါသည်။ ကမ္ဘာပေါ် ရှိလူမျိုးတို့သည် ၎င်းတို့၏ဖန်ဆင်းရှင်ထံမှ လှည့်ထွက်သွားကြောင်းနှင့် ကိုယ်တော်၏ပုံသဏ္ဍာန်အဖြစ် ၎င်းတို့၏တာဝန်များကို လွှဲရှောင်ခဲ့ကြကြောင်းကို သိမြင်ရန် ပရောဖက်များသည်ဝေးဝေးကြည့်ရှုရန် မလိုအပ်ပါ။

တတိယ၊ အာဒံနှင့်အစီအစဉ်သည် လူသားမျိုးနွယ်အတွက် ရွေးနုတ်ကယ်တင်ခြင်းဆိုင်ရာ မျှော်လင့်ချက်ကိုလည်း ချမှတ်ပေးခဲ့သည်။ ကမ္ဘာဦး ၃:၁၅ တွင်၊ အာဒံနှင့်ဧဝတို့ကို သွေးဆောင်ခဲ့သော မြွေဆိုးကို ဘုရားသခင်ကျိန်ခဲ့သည်။ တစ်နေ့တွင် ဧဝ၏အမျိုးအနွယ်သည် မြွေ၏ဦးခေါင်းကို ကြိတ်လိမ့်မည်ဟု ကိုယ်တော်ကတိပြုခဲ့သည်။ မကောင်းမှုနှင့် သေခြင်းတရားတို့အပေါ် အောင်မြင်ခြင်းသည် နောက်ဆုံးတွင်ကမ္ဘာပေါ် ရှိ လူမျိုးတိုင်းထံသို့ ရောက်ရှိလာမည်ကို ဓမ္မဟောင်းပရောဖက်များသည် နားလည်ခဲ့ကြသည်။ ဤလူသား၏တာဝန်၊ ယိုယွင်းပျက်စီးခြင်းနှင့် ရွေးနုတ်ကယ်တင်ခြင်းဆိုင်ရာ အခြေခံမဏ္ဍိုင်များသည် သမိုင်းတစ်လျှောက်လုံးတွင် ဘုရားသခင်နှင့်လူသားကြား အပြန်အလှန်ဆက်ဆံခြင်း၏ပုံစံများကို ချမှတ်ခဲ့သည်။ ၎င်းတို့သည် လူသားမျိုးနွယ်တစ်ခုလုံးအထိ ပျံ့နှံ့ခဲ့သည်။

## နောဧ

ဘုရားသခင်နှင့်နောဧကြားတွင် ပြုလုပ်ခဲ့သော ဒုတိယစကြဝဠာလုံးဆိုင်ရာပဋိညာဉ်၏ အဓိက အချက်များကို ယခုပင်ကြည့်ကြပါစို့။ ရိုးရှင်းစွာပြောရလျှင်၊ ဘုရားသခင်သည် အာဒံ၏စီစဉ်မှုပုံစံများကို ထပ်ဆင့်လုပ်ဆောင်ခဲ့သော်လည်း၊ ရုပ်ပိုင်းဆိုင်ရာစကြဝဠာအတွက် တည်ငြိမ်မှုအင်္ဂါရပ်ကို ထပ်လောင်း ထည့်သွင်းခဲ့သည်။ ရေလွှမ်းမိုးပြီးနောက်၊ လူသားများအပြစ်ပြုသည့်အခါတိုင်း ဘုရားသခင်သည် ချက်ချင်းအပြစ်ပေးမည်မဟုတ်ကြောင်း သက်သေပြရန် ကိုယ်တော်၏သက်တံ့ကို တိမ်များတွင် ချထားခဲ့သည်။ ယင်းအစား၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို သည်းခံတော်မူမည့် အမိန့်တော်အသစ်ကို ကတိပြုခဲ့သည်။ ကမ္ဘာဦး ၈:၂၂ တွင် ဘုရားသခင် ဖော်ပြထားသည့်အတိုင်း_

> မြေကြီးမကုန်မီတိုင်အောင် မျိုးစေ့ကြဲရသောကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ မပြတ်ရဟု အမိန့်တော်ရှိ၏ (ကမ္ဘာဦးကျမ်း ၈:၂၂)။

သဘာဝတရားတည်ငြိမ်မှုဆိုင်ရာ ဤကတိတော်ကို ဘုရားသခင်သည်အဘယ်ကြောင့် ပေးခဲ့ သနည်း။ ကိုယ်တော်၏အဓိကအချက်သည် အဘယ်နည်း။ စကြဝဠာဆိုင်ရာတည်ငြိမ်မှုအတွက် နောဧ လက်ထက်တွင်ပေးထားသည့် အကြောင်းရင်း အနည်းဆုံးနှစ်ခုရှိသည်။ ပထမတွင်၊ ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် သူ၏သည်းခံမှုကို ပြသခဲ့သည်။ ကမ္ဘာဦး ၈:၂၁ အားဘာသာပြန်ထားသော New American Standard Bible တွင်ဤရည်ရွယ်ချက်သည် ရှင်းလင်းပြတ်သားသည်။

> ထာဝရဘုရားသည်လည်း၊ မွှေးကြိုင်သော အနံ့ကိုခံယူ၍၊ ငါသည် နောက်တစ်ဖန်လူတို့အတွက် မြေကြီးကိုမကျိန်။ အကြောင်းမူကား၊ လူတို့သည် ငယ်သောအရွယ်မှစ၍၊ စိတ်နှလုံးအကြံအစည်ဆိုးကြ၏။ ငါသည် ယခုတစ်ခါ ပြုပြီးသကဲ့သို့၊ အသက်ရှင်သောအရာရှိသမျှတို့ကို နောက်တစ်ဖန်ဒဏ်မခတ် (ကမ္ဘာဦး ၈:၂၁)။

ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် လူသားများ၏အလုံးစုံယိုယွင်းပျက်စီးခြင်းကို အသိအမှတ် ပြုပြီး၊ ကျွန်ုပ်တို့အပြစ်ပြုမိတိုင်း ကမ္ဘာကြီးကိုမဖျက်ဆီးဘဲ ကျွန်ုပ်တို့အပေါ်စိတ်ရှည်သည်းခံရန် စိတ်ပိုင်းဖြတ်ထားကြောင်း ဖော်ပြထားပါသည်။
နောဧ၏ပဋိညာဉ်တွင်ရှိသော သဘာဝတရားတည်ငြိမ်မှုအတွက် ဒုတိယရည်ရွယ်ချက်သည်လည်း ထင်ရှားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စည်းစနစ်ကျသောကမ္ဘာတစ်ခု ပေးထားသောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်အဖြစ်ထမ်းဆောင်ရန် ကျွန်ုပ်တို့၏လူသားကြမ္မာကို ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာဦး ၉:၁၊ ၃ တွင်ရေလွှမ်းမိုးပြီးနောက် ဘုရားသခင်သည် လူအပေါင်းတို့၏ ဖခင် နောဧအားမိန့်တော်မူခဲ့သည်မှာ_

> သင်တို့သည်များပြားစွာမွေးဖွားလျက် မြေကြီးကိုပြည့်စေကြလော့။…
> ခပ်သိမ်းသောအရာတို့ကို သင်တို့၌ငါအပ်ပေး၏ (ကမ္ဘာဦး ၉:၁၊ ၃)။

ကမ္ဘာဦးကျမ်း ၁ တွင်အာဒံအား သူပထမဆုံးပြောခဲ့သောစကားများကို မိန့်တော်မူခြင်းဖြင့်၊ လူမျိုးအားလုံးသည် ကိုယ်တော်၏ပုံသဏ္ဌာန်အဖြစ်ထမ်းဆောင်ရန်တာဝန်ကို ဘုရားသခင်တစ်ဖန် အတည်ပြုခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် စိတ်ရှည်သည်းခံပြီး လူသားမျိုးနွယ်အတွက် တည်ငြိမ်သောကမ္ဘာကို ပေးဆောင်ရန်ကတိပြုထားသောကြောင့်၊ ကမ္ဘာပေါ် ရှိလူမျိုးအားလုံးသည် ကိုယ်တော်၏ပုံသဏ္ဌာန်အဖြစ် ထမ်းဆောင်နိုင်သည်ကို ကျွန်ုပ်တို့မြင်တွေ့ခြင်းဖြစ်သည်။

သမ္မာကျမ်းစာပါ ပထမပဋိညာဉ်များ၏အဓိကအချက်များမှာ အလွန်ဆင်တူသည်။ အာဒံနှင့်အတူ၊ ဘုရားသခင်သည် တာဝန်၊ ယိုယွင်းပျက်စီးခြင်းနှင့် ရွေးနှုတ်ကယ်တင်ခြင်းမဏ္ဍိုင်များကို ချမှတ်ခဲ့သည်။ နောနှင့်အတူ၊ ဘုရားသခင်၏ပုံသဏ္ဌာန်များအဖြစ် ကျွန်ုပ်တို့၏လူသားကြမ္မာကို ထပ်လောင်းအတည်ပြုချက်နှင့်အတူ ဤမူများကို ကိုယ်တော်သည် ဆက်လက်လုပ်ဆောင်ခဲ့သည်။

## ပရောဖက်များ၏မှီခိုအားထားခြင်း

ယခုကျွန်ုပ်တို့သည် ဒုတိယမေးခွန်းကိုမေးရပါမည်_ ဓမ္မဟောင်းပရောဖက်များ၏ဓမ္မအမှုတော်များသည် ဤစကြဝဠာဆိုင်ရာပဋိညာဉ်များအပေါ် မည်သို့မှီခိုနေရသနည်း။ ယခု၊ ဓမ္မဟောင်းကျမ်း၏ ပရောဖက်များသည် အာဒံနှင့်နောဧကို မကြာခဏ အတိအလင်းဖော်ပြခြင်းမပြုကြောင်း ကျွန်ုပ်တို့ ဝန်ခံရမည်ဖြစ်သည်။ အစိတ်အပိုင်းအများစု၌၊ အာဒံ၊ နောဧတို့နှင့်ပြုသောပဋိညာဉ်များမှ ဆင်းသက်လာသော ဓမ္မအမြင်များသည် ဓမ္မဟောင်းပရောဖက်များပြောခဲ့သည့်စကားများ၏ နောက်ကွယ်တွင် လုံးဝတည်ရှိနေပါသည်။ ဤပဋိညာဉ်များပေါ်တွင် ပရောဖက်များ မှီခိုအားထားသည့် အရေးကြီးဆုံးနည်းလမ်းမှာ တစ်ပါးအမျိုးသားများကို အာရုံစိုက်ခြင်းပင်ဖြစ်နိုင်သည်။

ဘုရားသခင်၏ပဋိညာဉ်တရားများဆိုင်ရာတမန်တော်များအဖြစ်၊ ဓမ္မဟောင်းပရောဖက်များသည် သူတို့၏အာရုံစူးစိုက်မှုအများစုကို ဣသရေလလူမျိုးအပေါ် အာရုံစိုက်ခဲ့ကြသော်လည်း၊ ၎င်းတို့သည် ကမ္ဘာပေါ် ရှိလူမျိုးအတွက်လည်း တမန်တော်များဖြစ်ကြသည်။ ယေရမိ ၁:၅ တွင် အမှုတော်ဆောင်ရန် သူ့ကို ဦးစွာခေါ်သောအခါ ဘုရားသခင် မိန့်တော်မူသည့်အတိုင်း_

> လူအမျိုးမျိုးတို့အဖို့ ပရောဖက်အရာ၌ ခန့်ထားပြီဟု မိန့်တော်မူ၏ (ယေရမိ ၁:၅)။

ပရောဖက်များသည် အာဒံနှင့် နောဧတို့နှင့်ပြုသည့် စကြဝဠာဆိုင်ရာပဋိညာဉ်များ၏တမန်တော်များဖြစ်သောကြောင့်၊ တိုင်းတစ်ပါးလူမျိုးများကို မကြာခဏပြောဆိုလေ့ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## လူမျိုးတို့၏အပြစ်များ

လူမျိုးများအတွက် ပရောဖက်ပြုချက်ဆိုင်ရာအချက်သည် လမ်းကြောင်းနှစ်သွယ်ရှိသည်။ ပထမ၊ ပရောဖက်များသည် များသောအားဖြင့်လူမျိုးများ၏အပြစ်များကိုထောက်ပြပြီး ဘုရားသခင်၏ တရားစီရင်ခြင်းဖြင့် ၎င်းတို့ကိုဖော်ပြကြသည်။ ဥပမာ၊ ဩဗဒိကျမ်းတစ်အုပ်လုံးသည် ဧဒုံ၏အပြစ်များ ကို ဖော်ထုတ်ခြင်းနှင့် ဘုရားသခင်၏တရားစီရင်ခြင်းကို ကြေညာရန်အာရုံစိုက်ထားသည်။ ပရောဖက် သည်နိနေဝေမြို့၌ အမှုတော်ကိုဆောင်ရွက်ခဲ့ကြောင်း ယောနဝတ္ထုသည် ဖော်ပြသည်။ အာရှုရိလူမျိုးတို့ အားဘုရားသခင်၏တရားစီရင်ခြင်းကို နာဟုံသည် ကြေငြာခဲ့သည်။ အခြားကျမ်းများ၏အစိတ်အပိုင်း အများစုသည် ယေဟောဝါ၏အမျက်ဒေါသကို ဣသရေလလူမျိုးထက် အခြားလူမျိုးများအပေါ် အာရုံစိုက်သည်။ လူအားလုံးသည် အပြစ်ရှိ၍ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရကြောင်း ပရောဖက် များသည်ယုံကြည်ကြောင်း ကျမ်းပိုဒ်များစွာကရှင်းလင်းစွာ ဖော်ပြသည်။

## လူမျိုးများအား ရွေးနှုတ်ကယ်တင်ခြင်း

တရားစီရင်ခြင်းအကြောင်းအရာသည် လူမျိုးများအတွက် ပရောဖက်များ၏ဟောပြောမှုများတွင် ထင်ရှားသော်လည်း၊ ဒုတိယအကြောင်းအရာဖြစ်သောလူမျိုးများအတွက် ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာ ကိုလည်း ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ မြေကြီးပေါ် ရှိလူမျိုးများအတွက် ကြီးစွာသောကောင်းချီး များရရှိမည့် အနာဂတ်ကာလကို ပရောဖက်များသည် မကြာခဏဟောပြောလေ့ရှိသည်။ သူတို့၏အမြင် အရ၊ အနာဂတ်သည် လူမျိုးတိုင်းအတွက် ရွေးနှုတ်ကယ်တင်ခြင်းမျှော်လင့်ချက်တစ်ခုရှိသည်။ ဘုရားသခင်၏အကြံအစည်သည် အပြစ်နှင့်သေခြင်း၏အုပ်စိုးမှုမှ လူမျိုးတစ်မျိုးတည်းသာ ကယ်တင် ခံရမည့်အကြံအစည် မဟုတ်ပါ။ ယင်းအစား၊ လူသားမျိုးနွယ်အတွက် ကိုယ်တော်၏မူလရည်ရွယ်ချက် ကို ပြည့်စုံစေရန် ဘုရားသခင်သည် လူမျိုးတိုင်းမှလူများကို ရွေးနှုတ်ရန် အမြဲရည်ရွယ်ပါသည်။

ဤအကြောင်းကြောင့်၊ ဣသရေလအမျိုးကိုကျွန်ခံရာမှ ရွေးနှုတ်ခံရမည့် ကြီးစွာသောကောင်းချီး မင်္ဂလာနေ့ကိုသာမက၊ တစ်ပါးအမျိုးသားလူမျိုးများမှ အများအပြားသည်လည်းကျွန်ခံရာမှ ဤကြီးစွာ သော ရွေးနှုတ်ကယ်တင်ခြင်းတွင် ပါဝင်ကြမည့်နေ့ကို ပရောဖက်များသည်မျှော်လင့်ကြသည်။ ဥပမာ၊ ဟေရှာယ ၂၅:၆-၈ တွင် ပရောဖက်သည် အနာဂတ်တစ်နေ့အကြောင်းကို ဤသို့ကြေညာခဲ့သည်–

> ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ ခဲဖွယ်စားဖွယ်ပွဲ၊…
> လူခပ်သိမ်းတို့ကို ဖုံးသော မျက်နှာဖုံးကိုလည်းကောင်း၊ ခပ်သိမ်းသော
> လူမျိုးတို့ကိုဖုံးလွှမ်းသော တင်းတိမ်ကိုလည်းကောင်း၊ ဤတောင်ပေါ်မှာ
> ပယ်တော်မူလိမ့်မည်။ သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်
> (ဟေရှာယ ၂၅:၆-၈)။

ယေရမိ ၃:၁၇ တွင် အလားတူအခင်းအကျင်းတစ်ခုကို တွေ့ရသည်_

> ထိုအခါ ယေရုရှလင်မြို့ကို ထာဝရဘုရား၏ပလ္လင်ဟူ၍ ခေါ်ကြလိမ့်မည်။ နောက်တစ်ဖန် မိမိတို့၌ ဆိုးသောစိတ်နှလုံး ခိုင်မာခြင်းသဘောသို့လိုက်၍ မကျင့်ရကြ (ယေရမိ ၃:၁၇)။

ဘုရားသခင်ကိုပုန်ကန်သော တစ်ပါးအမျိုးသားများပင် နောင်တရမည့်နေ့ ရောက်လာမည်ဟု ပရောဖက်များစွာတို့သည် ကြေငြာခဲ့သည်။ သူတို့သည် ဣသရေလသို့ ရောက်ရှိလာပြီး ဘုရားသခင်၏ တရားစီရင်ခြင်းမှ လွတ်မြောက်ခြင်းအား တွေ့ကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းလုံးသို့ ခရစ်တော်၏ ဧဝံဂေလိတရားပြန့်ပွားမှုတွင် ဤကတိတော်သည်ပြည့်စုံကြောင်း ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့သိပါသည်။ ခရစ်တော်သည် မိမိ၏တမန်များကို လူမျိုးတိုင်းထံသို့သွားရန် တာဝန်ပေးသောအခါ၊ မြေကြီးပေါ်ရှိလူမျိုးများအတွက် ဓမ္မဟောင်းပရောဖက်များ၌ရှိသော အပြုသဘောဆောင်သောမျှော်လင့်ချက်များကို သူသည်ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။

ထို့ကြောင့် အာဒံနှင့် နောဧလက်ထက်တွင်၊ လူသားအားလုံးအတွက် အကျုံးဝင်သော စကြဝဠာဆိုင်ရာပဋိညာဉ်များထဲသို့ ဘုရားသခင်သည် ဝင်ရောက်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ကမ္ဘာတစ်ဝှမ်းလုံး၏ဘုရင်ဖြစ်သော ဘုရားသခင်၏တမန်တော်များအနေနှင့် ဓမ္မဟောင်းပရောဖက်များသည် ဘုရားသခင်ကိုဆန့်ကျင်သောလူမျိုး၏ပြင်းထန်သောချိုးဖောက်မှုများကို အာရုံစိုက်ခဲ့ကြသည်။ သို့သော် တစ်နေ့တွင်ဘုရားသခင်သည် မြေကြီးပေါ် ရှိ မျိုးနွယ်စုနှင့် လူမျိုးတိုင်းမှ လူတစ်မျိုးကို ရွေးနုတ်တော်မူမည့်အကြောင်းကို သူတို့သည်ကြေညာခဲ့သည်။ ဘုရားသခင်သည် အာဒံနှင့် နောဧပဋိညာဉ်တွင် လူအားလုံးနှင့်ပဋိညာဉ်ဖွဲ့ထားကြောင်း ကျွန်ုပ်တို့ သိမြင်ထားပြီးဖြစ်သည်။ ယခုမူကား၊ ကျွန်ုပ်တို့သည် ဣသရေလကို ဘုရားသခင်၏အထူးပဋိညာဉ်လူများအဖြစ် အာရုံစိုက်သွားမည်ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလလူမျိုးနှင့် မည်သည့်ပဋိညာဉ်များ ချမှတ်ခဲ့သနည်း။

# ပဋိညာဉ်၌ရှိသော ဣသရေလလူမျိုး

ကျွန်ုပ်၏မိသားစုသည် ကျောင်းသားများအတွက် ပါတီပွဲများကျင်းပပေးလေ့ရှိသော်လည်း၊ တစ်ခါတစ်ရံတွင် စာရင်းသည် အလွန်များသောကြောင့် ၎င်းတို့အားလုံးကို ကျွန်ုပ်တို့ကိုယ်တိုင် မခေါ်ပါ။ ယင်းအစား၊ ကျွန်ုပ်တို့သည် အဓိကကျောင်းသားအချို့ကို ရွေးကာ၊ သူတို့မှတဆင့်အခြားသူများကို ခေါ်စေသည်။ များသောအားဖြင့်၊ ဤအရာသည် ဣသရေလအမျိုးကို ဘုရားသခင်ပြုတော်မူသည့် အချက်ဖြစ်သည်။ ဣသရေလလူမျိုးတို့သည် ကိုယ်တော်၏အဓိကလူများဖြစ်ကြပြီး၊ သူတို့သည် လူအပေါင်းတို့အား ဘုရားသခင်ထံတော်သို့ ခေါ်ဆောင်နိုင်စေရန် ကိုယ်တော်သည်အထူးပဋိညာဉ်များဖြင့် ခေါ် ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် ဣသရေလလူမျိုးနှင့် အဓိကပဋိညာဉ်သုံးခုကို ချုပ်ဆိုခဲ့ကြောင်း သင်မှတ်မိပါလိမ့်မည်။ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်တို့နှင့် ပဋိညာဉ်ဖွဲ့တော်မူသည်။ ဤပဋိညာဉ်တစ်ခုစီသည် ဣသရေလလူမျိုး၏ကယ်တင်ခြင်းအတွက်သာမက မြေကြီးပေါ်ရှိ လူမျိုးအားလုံး၏ကယ်တင်ခြင်းအတွက် အထူးနည်းလမ်းများဖြင့် ဣသရေလအားပြင်ဆင်ထားသည်။ အာဗြဟံနှင့်ပြုသောပဋိညာဉ်ကို ဦးစွာကြည့်ကြပါစို့။

# အာဗြဟံ

အာဗြဟံနှင့်ပြုသောဘုရားသခင်၏ပဋိညာဉ်သည် အထူးဖြစ်သည်။ အကြောင်းမှာ ကမ္ဘာတစ်ခုလုံးအတွက် ဘုရားသခင်၏ကျေးဇူးတော်ဖြင့် ရွေးနုတ်ကယ်တင်ခြင်းခံရရန် ရွေးချယ်ခံရသော ဣသရေလလူမျိုးမိသားစုအဖြစ် ပထမဆုံးခွဲခြားသိမြင်ခြင်းကြောင့် ဖြစ်သည်။ ၎င်းကို သူတို့ မည်သို့လုပ်ဆောင်ခဲ့ကြမည်နည်း။ ထာဝရဘုရားနှင့် ရွေးနှုတ်သောပဋိညာဉ်၌ အသက်ရှင်ခြင်းအားဖြင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် အာဗြဟံနှင့်ပြုသောဤပဋိညာဉ်၏ အဓိကအချက်များကို ဦးစွာကြည့်ရှုသင့်ပြီး၊ ထို့နောက်တွင် အာဗြဟံနှင့်ပြုသောပဋိညာဉ်အပေါ် ဓမ္မဟောင်းပရောဖက်များ၏မှီခိုအားထားသည့် နည်းလမ်းများကို ရှာဖွေနိုင်မည်ဖြစ်သည်။

## အဓိကအချက်များ

ကျွန်ုပ်တို့သည် အာဗြဟံပဋိညာဉ်ကို ဘုရားသခင်ရွေးချယ်ခဲ့သောအထူးလူမျိုးအဖြစ် အကျဉ်းချုံးနိုင်သည်။ ဣသရေလလူမျိုးအား ဘုရားသခင်ရွေးချယ်ထားသောလူမျိုးအဖြစ် ရွေးချယ်ခြင်းတွင် ဤလူမျိုးအတွက် ဘုရားသခင်ထံမှ အဓိကကောင်းချီးနှစ်ခုပါဝင်သည်။ ဘုရားသခင်သည် သားစဉ်မြေးဆက်များစွာနှင့် အထူးပြည်ကို အာဗြဟံအားကတိပေးခဲ့သည်။ ကမ္ဘာဦးကျမ်း ၁၅ နှင့် ၁၇ တွင်၊ အာဗြဟံနှင့်ပြုသောဘုရားသခင်၏ပဋိညာဉ်သည် ဣသရေလအမျိုးအနွယ်များစွာကို များပြားစေပြီး မြေအနည်းငယ်ကို သိမ်းယူရန်လမ်းပြခဲ့သည်။ ယခု၊ ဤပွားများမှုနှင့် အထူးပြည်ကိုပိုင်ဆိုင်ရခြင်းသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဘုရားသခင့်နိုင်ငံတော်ကို တိုးချဲ့ခြင်းအတွက် အစပြုမည့်အချက်ဖြစ်သည်။ ဤအချက်မှစ၍ သားစဉ်မြေးဆက်နှင့် အာဗြဟံ၏ပြည်သည် သမ္မာကျမ်းစာ၏သမိုင်းတွင် အဓိကကာလဖြစ်လာခဲ့သည်။

## ပရောဖက်များ၏မှီခိုအားထားခြင်း

အာဗြဟံသည် သားစဉ်မြေးဆက်များစွာနှင့် အထူးပြည်ကို ကတိပြုခြင်းခံရကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ယခုကျွန်ုပ်တို့မေးရပါမည်မှာ၊ ဓမ္မဟောင်းပရောဖက်များသည် အာဗြဟံနှင့်ပြုသော ဤပဋိညာဉ်အပေါ် မည်သို့မှီခိုနေရသနည်း။ ဤပဋိညာဉ်နှင့်ပတ်သက်၍ သူတို့ မည်သည့်အရာကို ယုံကြည်ခဲ့ကြသနည်း။ ဓမ္မဟောင်းကျမ်း၏ပရောဖက်များသည် ဘုရားသခင်နှင့် အာဗြဟံကြား ပဋိညာဉ်၏အခြေခံမှုများကို အကြိမ်ကြိမ်ဖော်ပြကြသည်။ ဤပဋိညာဉ်တရား၏မြဲမြံသောအရေးပါမှုကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပရောဖက်များအားလုံးရှုမြင်ကြသည်။ သူတို့သည် တိုင်းပြည်ဆိုင်ရာကတိတော်နှင့် အမျိုးအနွယ်များပြား ခြင်းဆိုင်ရာ ကတိတော်အကြောင်း မကြာခဏပြောကြသည်။

ဥပမာ၊ ဟောရှာယ ၄၁:၈ တွင် ပရောဖက်ဟောရှာယသည် ဣသရေလလူမျိုးကို ဤသို့ရည်ညွှန်း သည်–

> ငါ့ကျွန်ဣသရေလ၊ ငါရွေးချယ်သောသူ ယာကုပ်၊ ငါ့အဆွေအာဗြဟံ၏သား (ဟောရှာယ ၄၁:၈)။

ဣသရေလလူမျိုးနှင့်ပတ်သက်၍ ဟောရှာယ၏ထင်မြင်ချက်တွင်၊ သူ့ခေတ်တွင်ပင် ဣသရေလ လူမျိုးသည် အာဗြဟံ၏ပဋိညာဉ်ဆိုင်ရာအမွေခံဖြစ်သည်။ အလားတူပင်၊ အာဗြဟံနှင့်ပြုသောပဋိညာဉ် ကို ဟောရှေသည်ရည်ညွှန်းသည်။ ၁:၁၀ တွင်ကျွန်ခံရာကာလပြီးနောက်၊

> သို့ရာတွင်၊ ဣသရေလအမျိုးသားတို့သည် မခြင်နိုင်၊ မရေတွက်နိုင်သော သမုဒ္ဒရာသဲလုံးနှင့်အမျှ များကြလိမ့်မည် (ဟောရှေ ၁:၁၀)။

ဤကဲ့သို့သောရည်ညွှန်းချက်များက ပရောဖက်များသည် အာဗြဟံနှင့်ပြုသောပဋိညာဉ်အပေါ် ကြီးကြီးမားမား မှီခိုအားထားနေကြောင်း ထင်ရှားသည်။ ဘုရားသခင်သည် မိမိလူမျိုးအားတိုင်းပြည် ပေးခြင်း သို့မဟုတ် အရေအတွက်များပြားခြင်းအကြောင်း သူတို့ပြောဆိုသည့်အခါတိုင်း၊ အာဗြဟံနှင့် ဘုရားသခင်ပြုခဲ့သော ပဋိညာဉ်ကို သူတို့ပြန်လည်၍သတိရကြသည်။ ဓမ္မဟောင်းကျမ်း၏ပရောဖက်များ တွင် အာဗြဟံကို ခုနစ်ကြိမ်သာ အမည်ဖြင့်ဖော်ပြခဲ့သော်လည်း၊ အာဗြဟံ၏ပဋိညာဉ်ဆိုင်ရာဓမ္မပညာ သည် ၎င်းတို့၏ဓမ္မအမှုတော်များအပေါ် လွှမ်းမိုးခဲ့သည်။

## မောရှေ

အာဗြဟံ၏ပဋိညာဉ်သည် ဣသရေလလူမျိုးနှင့်ပြုသော ပထမပဋိညာဉ်ဖြစ်ပြီး၊ မောရှေနှင့် ပြုသောပဋိညာဉ်သည် ဒုတိယပဋိညာဉ်ဖြစ်သည်။ ကျွန်ုပ်တို့ခေတ်တွင်၊ မောရှေ၏ပဋိညာဉ်ကို အပြုသဘောအရ အမြဲမတွေ့ရသော်လည်း၊ သမ္မာတရားနှင့်မည်သည့်အရာမှ ဝေးကွာ၍မရနိုင်ပါ။ မောရှေ၏ပဋိညာဉ်သည် လူသားမျိုးနွယ်၏ရွေးနှုတ်ကယ်တင်ခြင်းတွင် အပြုသဘောဆောင်သော အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်။ တစ်ဖန်၊ ကျွန်ုပ်တို့သည် မောရှေ၏ပဋိညာဉ်၏အဓိက အချက်များကို ကြည့်ရှုပြီးနောက်၊ ဓမ္မဟောင်းပရောဖက်များသည် ဤပဋိညာဉ်အပေါ် မည်သို့မှီခို အားထားကြောင်း သုံးသပ်သင့်သည်။

### အဓိကအချက်များ

မောရှေ၏အစီအစဉ်သည် ဘုရားသခင်၏တရားတော်ကို အာရုံစိုက်သည်။ ဘုရားသခင်၏တရား သည် ဣသရေလလူတို့တွင် ပဋိညာဉ်အသက်တာဆိုင်ရာ စည်းမျဉ်းများကို ပြဋ္ဌာန်းထားသည်။ ဤ

ပဋိညာဉ်အား ပဋိညာဉ်ကျမ်းနှင့် ပညတ်တော်ဆယ်ပါးတို့နှင့်အတူ ပဋိညာဉ်ကိုအစပြုခဲ့သော ထွက်မြောက်ရာကျမ်း ၁၉-၂၄ တွင် ထင်ရှားစွာတွေ့ရပါသည်။ ၎င်းသည် ဝတ်ပြုရာကျမ်း၏ ဝတ်ပြုခြင်းဆိုင်ရာစည်းမျဉ်းများတွင်လည်း တွေ့ရသည်။ တရားဟောရာကျမ်းသည် မောရှေသေဆုံးခါနီးတွင် ဣသရေလ၏ပဋိညာဉ်အသစ်ကို မှတ်တမ်းတင်ထားသည်။ ရိုးရှင်းစွာပြောရလျှင်၊ မောရှေ၏ပဋိညာဉ်သည် ပဋိညာဉ်အသက်တာ၏စည်းမျဉ်းများ၊ ကြီးမြတ်သောဘုရားသခင်ထံမှကောင်းချီးနှင့် ကျိန်ခြင်းများဆီသို့ဦးတည်မည့်ဥပဒေများကိုအာရုံစိုက်ထားသည်။

## ပရောဖက်များ၏မှီခိုအားထားခြင်း

ဓမ္မဟောင်းပရောဖက်များသည် မောရှေ၏ပဋိညာဉ်အပေါ် မည်သို့မှီခိုနေရသနည်း။ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်များသည် မောရှေနှင့်သူ၏ပညတ်တရားအတွက် နက်ရှိုင်းစွာအကြွေးတင်ခဲ့ကြသည်။ အကြောင်းမှာ သူ၏ပညတ်တရားသည် ဣသရေလလူမျိုးကို ပြစ်တင်ဝေဖန်သည့် အဓိကစံနှုန်းများကိုပေးသောကြောင့် ဖြစ်သည်။ ပရောဖက်များသည် မောရှေ၏ပညတ်တရားကို သစ္စာစောင့်သိရန် ဣသရေလလူမျိုး၏တာဝန်ဖြစ်ကြောင်း သတိပေးခြင်းဖြင့် ပဋိညာဉ်တရားကိုကိုယ်စားပြုကြသည်။ နောက်သင်ခန်းစာတွင် ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ဘုရားသခင်၏လူတို့အားပရောဖက်များ ကြေညာခဲ့သော အထူးကောင်းချီးများနှင့် ကျိန်ခြင်းများသည်ပင်၊ မောရှေနှင့်ပြုသောပဋိညာဉ်မှ အများစုဖြစ်သည်။ မောရှေ၏တရားများသည် ပရောဖက်တစ်ဦး၏လုပ်ငန်းဆိုင်ရာ အဓိကကိရိယာများဖြစ်လာခဲ့သည်။

ဥပမာ၊ ဟောရှာယသည် ဘုရားသခင်၏လူမျိုးသည် ဘုရားသခင်အပေါ်သစ္စာမဲ့ကြောင်းဖော်ပြလိုသောအခါ၊ သူသည် မောရှေ၏ပညတ်ကို တရားဝင်စံနှုန်းတစ်ခုအဖြစ် ဖော်ပြသည်။ ဟေရှာယ ၅း၂၄ တွင်သူပြောသည်မှာ–

> ဣသရေလအမျိုး၏သန့်ရှင်းသောဘုရား၏ ဗျာဒိတ်တော်ကို မထီမဲ့မြင်ပြုကြပြီ (ဟေရှာယ ၅:၂၄)။

ဓမ္မဟောင်းပရောဖက်များအနေဖြင့် မောရှေနှင့်ပြုသောပဋိညာဉ်ကို ဖောက်ဖျက်ခဲ့မှုများအတွက် ဣသရေလလူမျိုးအားစီရင်ရန်တောင်းဆိုသော ဘုရားသခင်၏တမန်တော်များဖြစ်ကြသောကြောင့်၊ မောရှေနှင့် သူ၏တရားတော်ကို ဤကဲ့သို့သောရည်ညွှန်းချက်မျိုးသည် ပရောဖက်ကျမ်းများတွင် ကြိမ်ဖန်များစွာ တွေ့နိုင်သည်။

## ဒါဝိဒ်

လူမျိုးတစ်ခုအဖြစ်ဣသရေလအားပေးခဲ့သော နောက်ဆုံးပဋိညာဉ်မှာ ဒါဝိဒ်နှင့်ပြုသောပဋိညာဉ်ဖြစ်သည်။ အာဗြဟံ၏ပဋိညာဉ်သည် သားစဉ်မြေးဆက်များနှင့် တိုင်းပြည်အပေါ် အာရုံစိုက်ခဲ့သည်။ မောရှေသည် ထိုပြည်၌နေထိုင်ခြင်းဆိုင်ရာဥပဒေများကို အာရုံစိုက်ခဲ့သည်။ မောရှေပြီးနောက်တွင်၊ ဘုရားသခင်သည် ဣသရေလရှင်ဘုရင်ဒါဝိဒ်နှင့် အထူးပဋိညာဉ်ဖွဲ့ခဲ့သည်။ တစ်ဖန်၊ ကျွန်ုပ်တို့သည် ဤ

ပဋိညာဉ်၏အဓိကအချက်များနှင့် ယင်းအပေါ် ပရောဖက်များ မည်သို့မှီခိုနေရသည်ကို လေ့လာသင့်သည်။

## အဓိကအချက်များ

ဒါဝိဒ်နှင့်ပြုသောပဋိညာဉ်၏အဓိကအချက်များကား အဘယ်နည်း။ ဒါဝိဒ်၏ပဋိညာဉ်သည် ဘုရားသခင်၏လူများကို ကြီးမားသောအင်ပါယာအဖြစ် တည်ဆောက်ခြင်းအပေါ် အာရုံစိုက်ခဲ့သည်။ ဒါဝိဒ်၏ပဋိညာဉ်ကို ၂ ဓမ္မရာဇဝင် ၇၊ ဆာလံ ၈၉ နှင့် ဆာလံ ၁၃၂ တွင်တွေ့နိုင်သည်။ ဤကျမ်းပိုဒ်များက ဤပဋိညာဉ်၏အရေးကြီးသောကဏ္ဍတစ်ခုမှာ ဘုရားသခင့်လူမျိုးအပေါ်အုပ်စိုးမည့် အမြဲတမ်းမင်းဆက်အဖြစ် ဒါဝိဒ်၏မိသားစုကို တည်ထောင်ကြောင်း ရှင်းလင်းစွာဖော်ပြသည်။ ဒါဝိဒ်၏မိသားစုတွင် အခက်အခဲများနှင့် ကျရှုံးမှုများမှာ သေချာပေါက်ရှိသော်လည်း၊ ဘုရားသခင်သည် သူ၏လူများကို ထာဝရမင်းဆက်အဖြစ်အုပ်စိုးရန် ဤမိသားစုကိုရွေးချယ်ခဲ့သည်။ ဒါဝိဒ်၏သားစဉ်မြေးဆက်များသည် တစ်နေ့တွင် ကမ္ဘာချီကယ်တင်ခြင်းဆိုင်ရာနိုင်ငံတော်ကို တည်ထောင်ကြလိမ့်မည်။ ဤပဋိညာဉ်သည် ဘုရားသခင်၏လူတို့အား ကမ္ဘာမြေကြီးအပေါ် အောင်ပွဲနှင့်အုပ်စိုးခြင်း၏ အလွန်တောက်ပသောအနာဂတ်ကိုပေးခဲ့သည်ဟုပြောရန်မလိုပါ။ ယနေ့ခရစ်ယာန်များအနေနှင့်ပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘုရင်အဖြစ် ယေရှုနောက်သို့ လိုက်ကြသည်။ အကြောင်းမှာ သူသည် ဒါဝိဒ်၏နောက်ဆုံးသားတော်၊ ဒါဝိဒ်၏စုံလင်သောသားတော်ဖြစ်ပြီး၊ သူ၏နိုင်ငံသည် မည်သည့်အခါမျှ မဆုံးပါ။

## ပရောဖက်များ၏မှီခိုအားထားခြင်း

ယခုကျွန်ုပ်တို့နောက်ထပ်မေးခွန်းတစ်ခုမေးရပါမည်_ ပရောဖက်များသည် ဒါဝိဒ်နှင့်ပြုသောဤပဋိညာဉ်အပေါ် မည်သို့မှီခိုနေရသနည်း။ ဓမ္မဟောင်းပရောဖက်များသည် ဣသရေလလူမျိုးအတွက် အမှုတော်ထမ်းဆောင်စဉ် ဒါဝိဒ်၏ပဋိညာဉ်ကို မကြာခဏကျင့်သုံးကြသည်။ ပရောဖက်များ အလေးထားသမျှ၊ နောက်ဆုံးတွင် ဒါဝိဒ်၏နိုင်ငံတော်သည် ကြီးကျယ်ခမ်းနားပြီး ကမ္ဘာချီနိုင်ငံတော်ဖြစ်လာမည်ဟု ဘုရားသခင်ကတိပြုခဲ့သည်။ သူတို့က ၎င်းကိုခိုင်မာစွာယုံကြည်ပြီး နောင်အနာဂတ်တစ်နေ့တွင် ဖြစ်လာမည်ဟု ခန့်မှန်းကြသည်။ ဥပမာ၊ အာမုတ် ၉:၁၁ တွင်၊ ပရောဖက်သည် ကျွန်ခံရာကာလပြီးနောက် ပြန်လည်ထူထောင်ခြင်းနေ့ရက်များကို အောက်ပါကဲ့သို့ဖော်ပြသည်_

> လဲလျက်ရှိသော ဒါဝိဒ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်။
> အက်ကွဲရာများကို စေ့စပ်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင်၊
> ထိုတဲကိုရှေးကာလ၌ရှိသကဲ့သို့ မတ်စေပြန်မည် (အာမုတ် ၉:၁၂)။

ဓမ္မဟောင်းပရောဖက်များသည် ဒါဝိဒ်၏ပဋိညာဉ်အကြောင်း ဤကဲ့သို့အကြိမ်များစွာ ပြောဆိုကြသည်။ သူ၏ပဋိညာဉ်တရားသည် သူတို့အတွက် အလွန်အရေးကြီးသောကြောင့် ဒါဝိဒ်အမည်ဖြင့် သုံးဆယ့်လေးကြိမ်တိုင်တိုင် ဖော်ပြကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပဋိညာဉ်သစ်

ဓမ္မဟောင်းပရောဖက်များသည် ၎င်းတို့၏အနာဂတ်တွင် ရှိနေသောပဋိညာဉ်ကိုသိရှိကြောင်း ကျွန်ုပ်တို့ဖော်ပြခြင်းမပြုပါက၊ ပြည့်စုံခြင်းရှိမည်မဟုတ်ပါ။ ခရစ်တော်အားဖြင့် ဘုရားသခင်ဖန်ဆင်းတော်မူသော ပဋိညာဉ်တရားသစ်ကို ဤနေရာတွင်ကျွန်ုပ်၏စိတ်ထဲတွင် ရှိနေပါသည်။ ဤပဋိညာဉ်တရားသစ်၏အဓိကအချက်များကား အဘယ်နည်း။ ပဋိညာဉ်တရားသစ်အား စကားလုံးတစ်လုံးတည်းဖြင့် ခြုံငုံဖော်ပြနိုင်ပါသည်_ ပြည့်စုံခြင်းဖြစ်သည်။ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်တို့နှင့်ပြုသော အစောပိုင်း ပဋိညာဉ်များတွင် ပေးထားသည့် ကတိတော်များအားလုံးသည် ပဋိညာဉ်တရားသစ်ကာလတွင် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ဘုရားသခင်၏လူများသည် များပြားပြီး မြေကြီးတစ်ပြင်လုံးကို ၎င်းတို့၏ပြည်အဖြစ် အမွေခံရမည်ဖြစ်သည်။ မောရှေ၏ပညတ္တိကျမ်းအား ပြန်လည်၍ စိတ်နှလုံး၌ ရေးမှတ်ကာ၊ စိတ်နှလုံးထဲက နာခံကြလိမ့်မည်။ ဒါဝိဒ်၏သားတော်၊ ဒါဝိဒ်၏မဟာသားတော်သည် ရာဇပလ္လင်ပေါ်တွင် ထာဝစဉ်စိုးစံလိမ့်မည်။

ဤပဋိညာဉ်တရားသစ်သည် ပရောဖက်များအား မည်သို့လွှမ်းမိုးခဲ့သနည်း။ ဓမ္မဟောင်း ပရောဖက်များသည် ဤပဋိညာဉ်၏မဟာနေ့ကို တောင့်တခဲ့ကြသည်။ ဥပမာ၊ ယေရမိ ၃၁:၃၁ တွင် ပဋိညာဉ်တရားသစ်အကြောင်း ယေရမိပြောခဲ့သည်မှာ_

> ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသောအချိန်ကာလ ရောက်လိမ့်မည် (ယေရမိ ၃၁း၃၁)။

ယေရမိကဣသရေလများ ကျွန်ခံရာကာလပြီးနောက်ကာလများတွင်၊ ဘုရားသခင်သည် သူ၏ပဋိညာဉ်ကို ကြီးကျယ်သည့်နည်းလမ်းနှင့် ဆန်းသစ်စေမည်ဟု ဟောပြောခဲ့သည်။ ပရောဖက် ယေဇကျေလသည်လည်း ဤအနာဂတ်ပဋိညာဉ်ကို ဟောကြားခဲ့သည်။ ယေဇကျေလ ၃၄:၂၅ နှင့် ၂၆ တွင်ဤစကားများကို ကျွန်ုပ်တို့ဖတ်ရပါသည်_

> ထိုမှတပါး သူတို့နှင့် မိတ်သဟာယပဋိညာဉ်ကို ငါဖွဲ့၍… သူတို့ကိုလည်းကောင်း၊ ငါ၏တောင်တော်ပတ်လည်၌ ရှိသော အရပ်တို့ကိုလည်းကောင်း ငါကောင်းချီးပေး၍၊ (ယေဇကျေလ ၃၄:၂၅၊ ၂၆)။

ဓမ္မဟောင်းပရောဖက်များသည် နောင်လာမည့်နောက်ဆုံးပဋိညာဉ်ကို မျှော်မှန်းကာ ဘုရားသခင်၏တမန်တော်များအဖြစ် အမှုထမ်းခဲ့ကြသည်။ ဓမ္မဟောင်းပရောဖက်များအကြောင်း ကျွန်ုပ်တို့လေ့လာသည့်အခါ၊ ၎င်းတို့သည် ဤဓမ္မသစ်ကျမ်းပဋိညာဉ်ကို စောင့်မျှော်ကြသည်ကို အကြိမ်ကြိမ်မြင်တွေ့ရသည်။

ဣသရေလလူမျိုးနှင့်ဘုရားသခင်ဖွဲ့ထားသော ပဋိညာဉ်များသည် ဓမ္မဟောင်းပရောဖက်များအား သူတို့ပြုသမျှအရာတိုင်းတွင် လမ်းညွှန်ခဲ့သည်။ ဣသရေလလူမျိုးအတွက် ဘုရားသခင်၌အထူးအစီအစဉ် ရှိကြောင်း၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်နှင့်ပြုသောပဋိညာဉ်များအပြင် ပဋိညာဉ်တရားသစ်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလလူမျိုးအတွက် ထိုအထူးအစီအစဉ်သို့လမ်းညွှန်ပေးကြောင်း သူတို့နားလည်ခဲ့ကြသည်။ ထို့ကြောင့် ပရောဖက်များသည် ဘုရားသခင့်လူမျိုးအတွက် အမှုတော်ကိုထမ်းဆောင်သောအခါ၊ သူတို့သည်မိမိ၏လူမျိုးတော်နှင့်ဘုရားသခင်ပြုထားသည့် ဤအထူးပဋိညာဉ်များအတွင်း၌ အမှုတော်ကို ဆောင်ရွက်ခဲ့ကြသည်။

ပဋိညာဉ်တရား၏လူများနှင့်ပတ်သက်၍ ဤသင်ခန်းစာတွင် ဓမ္မဟောင်းပရောဖက်များသည် ယေဘူယျအားဖြင့် လူသားမျိုးနွယ်နှင့် ဘုရားသခင်၏ပဋိညာဉ်တရားများဆိုင်ရာ တမန်တော်များအဖြစ်လည်းကောင်း၊ ဣသရေလလူမျိုး၌လည်းကောင်း ထမ်းဆောင်ခဲ့ကြကြောင်း ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ မြေကြီးပေါ် ရှိလူအားလုံးသည် အာဒံ၊ နောဧတို့နှင့်ပြုသော စကြဝဠာဆိုင်ရာပဋိညာဉ်များနှင့် သက်ဆိုင်ကြသည်။ သို့သော် ယုံကြည်ခြင်းသို့ကူးပြောင်းလာသော ဣသရေလလူမျိုးနှင့် တစ်ပါးအမျိုးသားများသည် ဘုရားသခင်နှင့်အလွန်ထူးခြားသောပဋိညာဉ်များ ရှိသည်။ ၎င်းတို့သည် ကျန်လူသားမျိုးနွယ်နှင့် ကွဲကွာခဲ့သည်။ ဤအချိန်တွင်၊ ပဋိညာဉ်၏လူများနှင့်သက်ဆိုင်သော အခြားရှုထောင့်တစ်ရပ်ကို ကျွန်ုပ်တို့ကြည့်ရန်လိုသည်။ ပရောဖက်များသည် ပဋိညာဉ်အသိုက်အဝန်းတွင် ကယ်တင်ခြင်းအကြောင်းကို မည်သို့နားလည်ခဲ့ကြသနည်း။

# ပဋိညာဉ်၌ ကယ်တင်ခြင်း

ကျွန်ုပ်တို့သည် ခေတ်သစ်ခရစ်ယာန်များသည် ပရောဖက်များမလိုက်နာသော ခြားနားချက်များကို လိုက်နာသောကြောင့်၊ ပဋိညာဉ်၌ကယ်တင်ခြင်းအကြောင်းကို နားလည်ရန်ခက်ခဲလေ့ရှိသည်။ ပြန်လည်နိုးကြားလာမှုဝါဒ၏ လွှမ်းမိုးမှုအောက်တွင်၊ ကျွန်ုပ်တို့သည် လူသားမျိုးနွယ်ကိုအုပ်စုနှစ်စုခွဲထားသည်— ကယ်တင်ခြင်းခံရသောသူများနှင့် ကယ်တင်ခြင်းမခံရသေးသူများ သို့မဟုတ် အသစ်ပြန်လည်မွေးဖွားသူနှင့် ပြန်လည်မမွေးဖွားသေးသူများဟူ၍ ဖြစ်သည်။ ယခု၊ ကျွန်ုပ်ကိုအထင်အမြင်မလွဲပါနှင့်၊ လူများသည် ကယ်တင်ခြင်းရခြင်း၊ မရခြင်း သို့မဟုတ် အသစ်ပြန်လည်မွေးဖွားခြင်း၊ မမွေးဖွားခြင်း ရှိခြင်းတို့ကြောင့် ခွဲခြားမှုသည် အလွန်အရေးကြီးပါသည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ဤအရာများသည် ဓမ္မဟောင်းပရောဖက်များ စဉ်းစားတွေးခေါ်သောအသုံးအနှုန်းများ အမျိုးအစားများ မဟုတ်ပါ။

ကယ်တင်ခြင်းအကြောင်းနှင့်ပတ်သက်၍ ပရောဖက်များ၏နားလည်သဘောပေါက်မှုကို သိရှိရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ ကမ္ဘာပေါ် ရှိ မတူညီသောလူသုံးမျိုးကြားတွင် ကွဲပြားမှုကိုပြုလုပ်ခြင်းဖြစ်သည်_ပထမ၊ ဣသရေလလူမျိုး၏ပဋိညာဉ်အသိုက်အဝန်းပြင်ပရှိသူများ၊ ဒုတိယ၊ မြင်နိုင်သော ဣသရေလ၏ပဋိညာဉ်အသိုက်အဝန်းတွင်ရှိသူများ၊ တတိယ၊ မျက်မြင်မရသောပဋိညာဉ်အသိုက်အဝန်းအတွင်းရှိသူများ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပဋိညာဉ်ပြင်ပ

ပဋိညာဉ်ပြင်ပရှိသူများ၏ ပထမအမျိုးအစားကို သုံးသပ်ကြည့်ပါ။ အမှန်တကယ်တွင်၊ ဤသည်မှာပရောဖက်များလိုက်နာခဲ့သော အထင်ရှားဆုံးသောအမျိုးအစားဖြစ်သည်။ ဤသူတို့သည် ဣသရေလလူမျိုးနှင့် ဘုရားသခင်ဖွဲ့ထားသော ပဋိညာဉ်ပြင်ပမှလူများဖြစ်သည်။ ဘုရားသခင်သည် ဣသရေလလူမျိုးကို ရွေးချယ်ပြီး မောရှေ၊ အာဗြဟံနှင့် ဒါဝိဒ်တို့တွင် အထူးပဋိညာဉ်များပေးသောအခါ၊ ဣသရေလအားဤရွေးချယ်မှုက မြေကြီးပေါ် ရှိ အခြားလူမျိုးသည်ရွေးကောက်ထားသောလူများထဲတွင် မပါဝင်ဟု ဆိုလိုခြင်းဖြစ်သည်။ ခြွင်းချက်အနေဖြင့် ရုသနှင့် ရာခပ်ကဲ့သို့သော တစ်ပါးအမျိုးသားများသည် ဘုရားသခင့်လူမျိုးနှင့် ကွဲကွာခဲ့ကြသောကြောင့် ဤလူမျိုးနှင့်အထူးပဋိညာဉ်များ၏ပြင်ပတွင် ရှိနေကြသည်။ ကျွန်ုပ်တို့မြင်ရသည်အတိုင်း၊ တစ်ပါးအမျိုးသားများသည် အာဒံနှင့်နောဧ၏ စကြဝဠာဆိုင်ရာပဋိညာဉ်များနှင့် ချည်နှောင်ထားကြောင်း ပရောဖက်များက ယုံကြည်ကြသည်။ ထိုပဋိညာဉ်များတွင်ရှိသော တရားစီရင်ခြင်းနှင့် ရွေးနုတ်ကယ်တင်ခြင်းဆိုင်ရာ အခြေခံဖွဲ့စည်းပုံများသည် လူမျိုးအားလုံးနှင့်သက်ဆိုင်သည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ဓမ္မဟောင်းကာလတွင်၊ ပဋိညာဉ်အသိုက်အဝန်းပြင်ပ သို့မဟုတ် ဘုရားသခင်နှင့် ဣသရေလတို့၏ အထူးပဋိညာဉ်ဆက်ဆံရေးပြင်ပမှ ဤလူများသည် ကယ်တင်ခြင်းရနိုင်ခြေမှ ဖြတ်တောက်ခြင်းခံခဲ့ရသည်။ သူတို့၏အပြစ်သည် သူတို့ကိုကမ္ဘာပေါ်တွင် မျှော်လင့်ချက်မဲ့စေသည်။

ပေါလုသည် ဧဖက်ကျမ်းတွင် တစ်ပါးအမျိုးသားများအကြောင်း ဤသို့ပြောခဲ့သည်။ ဧဖက် ၂:၁၁-၁၂ တွင် ဤစကားများကို မိန့်တော်မူသည်_

> သင်တို့သည် အထက်က ပကတိအတိုင်း ဖြစ်ကြသည်ကိုလည်းကောင်း၊...ထိုအခါ သင်တို့သည် ခရစ်တော်ကိုမသိ၊ ဣသရေလအပေါင်း၌ မဝင်၊ ကတိတော်ပါသော ပဋိညာဉ် တရားတို့နှင့်မဆိုင်၊ မျှော်လင့်ခြင်းမရှိ၊ လောက၌ ဘုရားမဲ့ နေကြသည်ကိုလည်းကောင်း၊ အောက်မေ့ကြလော့။ (ဧဖက် ၂:၁၁-၁၂)။

ဤသည်မှာ တစ်ပါးအမျိုးသားများ၏ဓမ္မဟောင်းကာလ အခြေအနေပင်ဖြစ်သည်။ သူတို့သည် ပဋိညာဉ်၏အပြင်ဘက်တွင်ရှိကြပြီး၊ ဣသရေလနှင့်ပြုသော ပဋိညာဉ်များမှတဆင့် ရောက်လာသော ကယ်တင်ခြင်းရနိုင်ခြေနှင့် အလွန်ဝေးကွာသည်။

# မြင်နိုင်သောပဋိညာဉ်

ခရစ်ယာန်အများစုသည် ပဋိညာဉ်ပြင်ပ၌ရှိသည့် တစ်ပါးအမျိုးသားများကို နားလည်ရန် အခက်အခဲအနည်းငယ်ရှိကြသော်လည်း၊ ပရောဖက်ပြုချက်ဆိုင်ရာရှုထောင့်မှ ဒုတိယအမျိုးအစားဖြစ်သည့်— ဣသရေလလူမျိုးအသိုက်အဝန်းအတွင်း၌ရှိသည့်လူများသို့ ရောက်သည့်အခါ ၎င်းအခက်အခဲများစတင်လာသည်ကို ကျွန်ုပ်တွေ့ရှိရသည်။ မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းအကြောင်း ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောသောအခါ၊ ဣသရေလလူမျိုး၏အစိတ်အပိုင်းဖြစ်ခဲ့ကြသော ဓမ္မဟောင်းကာလရှိသူများအားလုံးကို ကျွန်ုပ်တို့ သတိရမိပါသည်။ ဤအမျိုးအစားတွင် စစ်မှန်သောယုံကြည်သူများနှင့် စစ်မှန်သောယုံကြည်သူ မဟုတ်သူများ နှစ်မျိုးလုံးပါဝင်သည်။ ဤပဋိညာဉ်အမျိုးအစားကို မိတ်ဆက်ရန် အကောင်းဆုံးနည်းလမ်း တစ်ခုမှာ ရှေးပရိုတက်စတင့်ဓမ္မပညာသို့ ပြန်လည်ရောက်ရှိရန်ဖြစ်သည်။

ရှေးပရိုတက်စတင့်များသည် ပရောဖက်များအသုံးပြုသည်ထက် ကွဲပြားသောအသုံးအနှုန်းများ ကို အသုံးပြုခဲ့ကြသော်လည်း၊ ရှေးပရိုတက်စတင့်ဓမ္မပညာရှင်များသည် ဣသရေလလူမျိုး၏ပဋိညာဉ် အသိုက်အဝန်းနှင့်ပတ်သက်၍ ပရောဖက်များ၏တွေးခေါ် ပုံနှင့်ယှဉ်တွဲကာ အသင်းတော်ကို ဖော်ပြခဲ့ကြ သည်။ ဤနေရာတွင် "မြင်နိုင်သောအသင်းတော်" ၏ရိုးရာပုံစံကို ကျွန်ုပ်၏စိတ်ထဲတွင် မြင်မိသည်။ ဝမ်းနည်းစွာဖြင့်၊ ယနေ့ခေတ်တွင် ဤဝေါဟာရကို တွင်ကျယ်စွာအသုံးမပြုသောကြောင့်၊ "မြင်နိုင်သော အသင်းတော်" ဟူသောဤအသုံးအနှုန်းအား ရှေးပရိုတက်စတင့်တို့အသုံးပြုသည့်အဓိပ္ပါယ်ကို လေ့လာ ကြည့်ရန် လိုအပ်ပါသည်။ *Westminster Confession of Faith* ၏အခန်း ၂၅၊ အပိုဒ် ၁ တွင် "မြင်နိုင် သောအသင်းတော်"ကိုဤနည်းဖြင့်ဖော်ပြသည်_

> မြင်နိုင်သောအသင်းတော်တွင် ကမ္ဘာတစ်ဝှမ်းလုံးရှိ စစ်မှန်သည်ဟုဆိုသော ဘာသာတရားများနှင့် ၎င်းတို့၏သားသမီးများ အားလုံးပါဝင်ပြီး၊ သခင်ယေရှုခရစ်၏နိုင်ငံတော်၊ သာမန်ကယ်တင်ခြင်းရနိုင်ခြေမရှိသော ဘုရားသခင်၏အိမ်တော်နှင့် မိသားစုဖြစ်သည်။

မြင်နိုင်သောအသင်းတော်၏ဤဖော်ပြချက်သည် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်း၏ အင်္ဂါရပ်နှစ်ခုကို ကျွန်ုပ်တို့အားသတိပေးသည်။ ပထမ၊ မြင်နိုင်သောအသင်းတော်တွင် စစ်မှန်သော ယုံကြည်သူများထက် များစွာပါဝင်သည်။ အသင်းတော်သို့လာသူအများစုသည် ခရစ်တော်နောက်သို့ လိုက်သည်ဟုပြောကြသော်လည်း၊ ဤမယုံကြည်သူများသည် ခရစ်ယာန်ယုံကြည်မှုနှင့်ဆက်ဆံခြင်း အားဖြင့် ကမ္ဘာကြီးနှင့် ကွဲကွာသွားကြသည်။ သူတို့သည် အသင်းတော်၏အသင်းသားအဖြစ် ကိုယ်တိုင် ပါဝင်ကြသော်လည်း၊ သူတို့၏အပြစ်များမှ ထာဝရ ရွေးနှုတ်ခြင်းမရရှိသေးပါ။

၎င်းအပြင်၊ မြင်နိုင်သောအသင်းတော်အား ပေးထားသည့် အထူးအမည်နာမများကို သတိပြုမိရန် အရေးကြီးသည်။ ကျွန်ုပ်တို့၏နားထဲတွင် ထူးဆန်းသည်ဟုထင်ရသော်လည်း ရိုးရာပရိုတက်စတင့် ဓမ္မပညာအရ၊ ယုံကြည်သူများနှင့်မယုံကြည်သူများရောနှောနေသော မြင်နိုင်သောအသင်းတော်ကို "အသင်းတော်"၊ "နိုင်ငံတော်"၊ "ဘုရားသခင်၏အိမ်တော်" နှင့် "ဘုရားသခင်၏မိသားစု" ဟုခေါ်ဆိုနိုင်ပါ သည်။ မျက်မှောက်ခေတ်ခရစ်ယာန်ဝေါဟာရတွင်၊ ကျွန်ုပ်တို့သည် အမှန်တကယ်ပြန်လည်မွေးဖွားသူများ နှင့် ကောင်းကင်ဘုံသို့ခေါ်ဆောင်ခြင်းခံရသောသူများဖြစ်သည်ဟုယုံကြည်သူများအတွက် ဤအသုံး အနှုန်းများကို ပုံမှန်အားဖြင့် သီးသန့်ထားရှိပါသည်။ သို့သော် ရိုးရာဓမ္မပညာအရ၊ ဤအသုံးအနှုန်းများ သည် ထာဝရရွေးနှုတ်ခြင်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ မြင်နိုင်သောအသင်းတော်အတွင်းရှိ လူတိုင်းကို လက်ခံထားသော ယေဘုယျအမည်နာမများဖြစ်သည်။ ဓမ္မဟောင်းပရောဖက်ကျမ်းများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ဖတ်ရှုသောအခါ၊ မြင်နိုင်သောဣသရေလလူမျိုးအကြောင်း အလားတူနည်းများဖြင့် တွေးတောကြသည်ကို တွေ့မြင်ရန် မခဲယဉ်းပါ။

မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်း၏ဤအမျိုးအစားသည် ပရောဖက်ကျမ်းများ၏ကျမ်းပိုဒ်များစွာကိုနားလည်ရန် ကျွန်ုပ်တို့ကို ကူညီပေးသည်။ ဥပမာ၊ ဟောရှေ၏ပထမအခန်းများတွင် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းကိုဖော်ပြရန်အသုံးပြုသည့်အသုံးအနှုန်းများသည် သိသာစွာကွဲလွဲသည်။ ၁:၃-၉ တွင်၊ ဣသရေလမြောက်ပိုင်း၌ ကြီးမားသောကျိန်ခြင်းခံရမည်ဟု ဟောရှေဟောပြောခဲ့သည်။ သူသည်ကြီးမားသောကျိန်ခြင်းများကို ကြိုတင်ခန့်မှန်းခြင်းဖြစ်သော သူ၏ကလေးသုံးယောက်အား အမည်ပေးခြင်းဖြင့် ၎င်းကိုပြုလုပ်ခဲ့သည်။ ယေဟုလက်ထက်၌ ဣသရေလပြည်၏ ပျက်ဆီးခြင်းအကြောင်းကိုအောက်မေ့၍ ကလေးတစ်ဦးကို ယေဇရေလအမည်ဖြင့်မှည့်လေသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးကိုဖျက်ဆီးရန် ပြင်ဆင်နေကြောင်း ဤကလေးသည်ပုံဆောင်သည်။ ဟောရှေသည် သူ၏ဒုတိယမြောက်ကလေးကို လော်ရုဟာမအမည်ဖြင့်မှည့်လေသည်။ သူမ၏အမည်သည် “ဘုရားသခင်မချစ်ပါ” ဟု အဓိပ္ပာယ်ရသည်။ ဤအခြေအနေတွင်၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့် ကိုယ်တော်၏လူမျိုးကြားကောင်းချီးမင်္ဂလာ၏ အပြုသဘောဆောင်သောပဋိညာဉ်ဆက်ဆံရေးကို ဖော်ပြသည့်အသုံးအနှုန်းဖြစ်သည်။ ဘုရားသခင်၏ပဋိညာဉ်ကောင်းချီးများသည် မကြာမီ နိုင်ငံတော်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ဤကလေးသည်ပုံဆောင်သည်။ ဟောရှေ၏တတိယမြောက်သားကို လောအမ္မိဟုခေါ်သည်၊ “ငါ၏လူမဟုတ်” ဟူ၍ဖြစ်သည်။ ဣသရေလလူမျိုးထံမှ ကိုယ်တော်၏ပဋိညာဉ်ကောင်းချီးများကို ရုပ်သိမ်းခြင်းဖြင့် ဘုရားသခင်သည် မိမိလူမျိုးကို ငြင်းပယ်မည်ဖြစ်ကြောင်းကို ဤကလေးသည်ပုံဆောင်သည်။

သို့သော် တစ်ချိန်တည်းတွင်၊ ဟောရှေသည် ဘုရားသခင်၏ကျွန်ခံရာစီရင်ခြင်းအောက် ကျဆုံးတော့မည့်သူများကိုလည်း မျှော်လင့်ချက်ပေးခဲ့သည်။ တိုင်းပြည် ပြန်လည်ထူထောင်ရေးသည် တစ်နေ့တွင်ဖြစ်မည်ဟု ပရောဖက်သည် ဣသရေလလူမျိုးအားအာမခံခဲ့သည်။ ဤမျှော်လင့်ချက်ကို ဖော်ပြရန်အတွက်၊ ဟောရှေသည် သူ၏သားသမီးများကို ပေးခဲ့သော ကြောက်မက်ဖွယ်ကောင်းသော အမည်များကို တစ်ဖန်ပြန်သတိရခဲ့သည်။ ၁:၁၀ တွင်၊ ယေဇရေလနေ့သည် နောက်တစ်ကြိမ်ရောက်မည်ဟု ဆိုသော်လည်း၊ ယခုတစ်ကြိမ်တွင် ဘုရားသခင်သည် သူ၏လူများကို တိုက်ခိုက်မည်ဟု မဆိုလိုပါ။ ယင်းအစား၊ ဘုရားသခင်သည် ဣသရေလအမျိုး၏ ရန်သူများကို တိုက်ခိုက်တော်မူမည်ဖြစ်သည်။ ထို့အပြင်၊ ဘုရားသခင်သည် ဣသရေလလူတို့ကို ကျွန်ခံရာကာလပြီးနောက် ၎င်းတို့၏ပြည်သို့ ပြန်လည်၍ပို့ဆောင်ပေးသောအခါ၊ သူတို့ကိုချစ်မြတ်နိုးသည်ဟုဆိုလိုသည့် Ruhamah ဟု အမည်မှည့်ခေါ်မည်ဖြစ်ကြောင်း ၂:၁ အရ သိရသည်။ ထိုနေ့၌၊ “ငါ၏လူမဟုတ်” ဟု ခေါ်ဝေါ်သမုတ်ခံရသူများသည် “ငါ၏လူ”Ammi ဖြစ်ကြလိမ့်မည်။

ဟောရှေသည် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်အသုံးအနှုန်းများဖြင့် ဟောရှေပြောသည်ကို သိမြင်ရန် အရေးကြီးသည်။ ဤလူများသည် ကယ်တင်ခြင်းရရှိပြီးနောက် ဆုံးရှုံးသွားကာ တဖန်ပြန်ကယ်တင်ခြင်းရရှိသည်ဟု ဟောရှေမဆိုလိုကြောင်း ကျန်ကျမ်းစာများတွင် ရှင်းလင်းပါသည်။ ယင်းအစား၊ ဤသည်မှာ ပဋိညာဉ်ဘာသာစကားဖြစ်သည်။ ဤအထူးအမည်နာမများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှင့်အတူ၊ ဟောရှေသည် ဘုရားသခင်သည် သူ၏ပဋိညာဉ်ကောင်းချီးများကို ရုပ်သိမ်းမည်ဟု ကြေငြာခဲ့သော်လည်း၊ တစ်နေ့တွင် သူ၏ပဋိညာဉ်ကို ပြန်လည်ဆန်းသစ်ကာ ဣသရေလလူမျိုးများသည် ဘုရားသခင်၏ကောင်းချီးများကို တစ်ဖန်ရရှိမည်ဖြစ်သည်။

ဣသရေလလူမျိုး၏မြင်နိုင်သော ပဋိညာဉ်အသိုက်အဝန်းတွင် ပရောဖက်များကျင့်သုံးခဲ့သော စစ်မှန်သောယုံကြည်သူများအတွက် ကျွန်ုပ်တို့၏ဝေါဟာရ၌ သိမ်းဆည်းထားသော အသုံးအနှုန်းများစွာရှိသည်။ ကျွန်ုပ်တို့သည် "ရွေးချယ်သည်" သို့မဟုတ် "ရွေးကောက်သည်" ကဲ့သို့သောအသုံးအနှုန်းများကို အသုံးပြုသောအခါ၊ ကယ်တင်ခြင်းအတွက် ရွေးချယ်ခံရသည်ဟု များသောအားဖြင့် ဆိုလိုပါသည်။ သို့သော် ပရောဖက်များကဤအရာကို ဆိုလိုခြင်းမရှိပါ။ ယင်းအစား၊ သူတို့သည် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းတွင်ရှိသောလူများသည် စစ်မှန်သောယုံကြည်သူဟုတ်မဟုတ်ကို ဖော်ပြရန်အတွက် "ရွေးချယ်သည်" သို့မဟုတ် "ရွေးကောက်ခံရသည်" ဟူသောအသုံးအနှုန်းကို အသုံးပြုခဲ့ကြသည်။ ထို့ကြောင့်၊ ဟေရှာယ ၁၄:၁ တွင် ဤစကားများကို ကျွန်ုပ်တို့ဖတ်ရသည်_

> အကြောင်းမူကား၊ ထာဝရဘုရားသည် ယာကုပ်အမျိုးကိုသနား၍
> ဣသရေလအမျိုးကို တစ်ဖန်ရွေးကောက်သဖြင့်၊ (ဟေရှာယ ၁၄:၁)။

ဣသရေလလူမျိုးသည် တစ်ဖန်ရွေးကောက်ခြင်းခံရမည်ဟု ဟေရှာယကမိန့်တော်မူသည်ကို သတိပြုပါ။ ကျွန်ုပ်တို့၏နားထဲတွင် ထူးဆန်းသကဲ့သို့ဖြစ်သော်လည်း၊ ပရောဖက်များ၏ဝေါဟာရတွင် ဘုရားသခင်သည် လူများကို ရွေးချယ်နိုင်သည်၊ ငြင်းပယ်နိုင်သည်၊ ထို့နောက် ထပ်မံရွေးချယ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်ငင်းသည် ပရောဖက်ပြုချက်ဆိုင်ရာ ဝေါဟာရ၌ဘုရားသခင်၏ရွေးကောက်ခြင်းသည် ကယ်တင်ခြင်းအတွက် ရွေးကောက်ခြင်းမဟုတ်ဘဲ ပဋိညာဉ်ကောင်းချီးမင်္ဂလာအတွက် ရွေးကောက်ခြင်းဖြစ်သောကြောင့် ဖြစ်သည်။ ရွေးကောက်ခံရသူများသည် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းတွင်ရှိသူများဖြစ်ပြီး၊ ထိုအသိုင်းအဝိုင်းတွင် ယုံကြည်သူများနှင့် မယုံကြည်သူများ ပါဝင်သည်။ ဓမ္မသစ်ကျမ်းတွင်ပင်၊ တစ်ခါတစ်ရံတွင် ရွေးချယ်ခြင်းဟူသောအသုံးအနှုန်းကို ဤနည်းဖြင့် အသုံးပြုသည်။ ရှင်ယောဟန် ၆း၇၀ တွင်ယေရှုမိန့်တော်မူသည်မှာ၊

> ယေရှုကလည်း၊ တစ်ကျိပ်နှစ်ပါးသောသင်တို့ကို ငါရွေးကောက်သည်
> မဟုတ်လော။ သို့သော်လည်း သင်တို့တွင် ရန်သူတစ်ယောက်ပါသည်ဟု
> မိန့်တော်မူ၏ (ယောဟန် ၆:၇၀)။

ယေရှုသည် ယုဒနှင့် အခြားတမန်တော်များကို ခေါ်ဆိုခြင်းသည် ကောင်းချီးမင်္ဂလာ၏အထူးပဋိညာဉ်ဆက်ဆံရေးတစ်ခုဖြစ်ကြောင်း မိန့်တော်မူသည်။ ထာဝရကယ်တင်ခြင်းအကြောင်း ပြောခြင်းမဟုတ်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# မျက်မြင်မရသောပဋိညာဉ်

ယခု ကျွန်ုပ်တို့သည် ပရောဖက်များဖော်ပြသော တတိယအမျိုးအစားဖြစ်သည့် မျက်မြင်မရသောပဋိညာဉ်အသိုက်အဝန်းကို လေ့လာမည်ဖြစ်သည်။ တစ်ဖန်၊ ဤနယ်ပယ်တွင် ရိုးရာပရိုတက်စတင့် ဓမ္မပညာသည် ကျွန်ုပ်တို့အား အကူအညီအချို့ပေးပါသည်။ မြင်နိုင်သောအသင်းတော်အတွင်းတွင်၊ "မမြင်နိုင်သောအသင်းတော်" ဟုလူသိများသောရွေးချယ်ထားသောအဖွဲ့တစ်ခုရှိသည်။ *Westminster Confession of Faith* ၏အခန်း ၂၅၊ အပိုဒ် ၁၊ မမြင်နိုင်သောအသင်းတော်အကြောင်း ဖော်ပြမှုတွင်_

> ခရစ်တော်၏ဦးခေါင်းအောက်တွင် ရွေးကောက်ခံရပြီးသူ၊ ရွေးကောက်ခံနေရသူ သို့မဟုတ် ရွေးကောက်ခံရမည့်သူအားလုံးသည် တစ်လုံးတစ်ဝတည်း ပါဝင်ကြပြီး၊ ထိုသူတို့သည် အလုံးစုံတို့ကို ပြည့်စုံစေတော်မူသောပြည့်စုံခြင်း၏ ကြင်ဖော်၊ ကိုယ်ခန္ဓာဖြစ်သည်။

ဤဝန်ခံချက်တွင်၊ မမြင်နိုင်သောအသင်းတော်သည် ဘုရားသခင်၏ရှုထောင့်မှဖော်ပြခြင်းဖြစ်သည်။ ၎င်းသည် ကယ်တင်ပေးသည့်ယုံကြည်ခြင်းသို့ ရောက်ရှိလာပြီး ဘုရားသခင်၏ကောင်းချီး၌ ထာဝရခံစားမည့် လူသားအရေအတွက်အပြည့်အစုံအပေါ် ထာဝရရှုထောင့်မှ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။

မမြင်နိုင်သောအသင်းတော်၏ဤဖော်ပြချက်မှ အနည်းဆုံး အခြေခံအယူအဆနှစ်ခုကို ကျွန်ုပ်တို့တွေ့နိုင်ပါသည်။ ပထမအချက်၊ မမြင်နိုင်သောအသင်းတော်သည် စစ်မှန်သောယုံကြည်သူများနှင့်သာ ဖွဲ့စည်းထားသည်။ ဤစစ်မှန်သောယုံကြည်သူများသည် မြင်နိုင်သောအသင်းတော်အတွင်းတွင် ရှိကြသော်လည်း၊ ၎င်းတို့သည် ကယ်တင်ပေးသည့်ယုံကြည်ခြင်းကို ကျင့်သုံးကြပြီး၊ ရလဒ်အနေဖြင့် မမြင်နိုင်သောအသင်းတော်၏သေးငယ်သောအသိုက်အဝန်းထဲသို့ ဝင်ရောက်လာကြသည်။ ဒုတိယ၊ မမြင်နိုင်သောအသင်းတော်တွင် ကယ်တင်ခြင်းဆိုင်ရာ လုံခြုံမှုရှိကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ဤလူများသည် ခရစ်တော်၏အမှုတော်အတွက် စိတ်နှလုံးကို ပေးဆပ်ခဲ့ကြသောကြောင့်၊ သူတို့၏ကယ်တင်ခြင်းသည် အဆုံးတိုင်အောင် သေချာမည်ဖြစ်သည်။

တမန်တော်ပေါလုသည် ဣသရေလလူမျိုးအတွင်း၌ပင် မြင်နိုင်သောနှင့် မျက်မြင်မရသောပဋိညာဉ်အသိုက်အဝန်းအကြား ခြားနားချက်ကို ထောက်ပြခဲ့သည်။ ရောမအခန်းကြီး ၉၊ အခန်းငယ် ၆ နှင့် ၇ တွင် သူသည် ဤစကားများကိုဆိုခဲ့သည်_

> အကြောင်းမူကား ဣသရေလနှင့် ဆက်နွယ်သောသူအပေါင်းတို့သည် ဣသရေလ လူမှန် မဟုတ်။ ထိုနည်းတူ အာဗြဟံ၏အမျိုးအနွယ်ဖြစ်သောသူအပေါင်းတို့သည် အာဗြဟံ၏သားမှန်မဟုတ် (ရောမ ၉း၆-၇)။

ပေါလု၏အကြံအစည်မှာ ဤသို့ဖြစ်သည်—ရုပ်ပိုင်းဆိုင်ရာအားဖြင့် အာဗြဟံ၏သားဖြစ်ခြင်းသည် သင့်အား ဣသရေလလူမျိုးအဝင်ဖြစ်စေသော်လည်း၊ ၎င်းသည် ကယ်တင်ခြင်းသို့ရောက်ရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မလုံလောက်ပါ။ အာဗြဟံ၏သားသည် အာဗြဟံကဲ့သို့ ကယ်တင်ပေးသည့်ယုံကြည်ခြင်းရှိရမည် ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူမျိုးတော်၏မြင်နိုင်သော အသိုက် အဝန်းအတွင်း၌ မမြင်နိုင်သော၊ ရွေးနှုတ်ခံရသောဘုရားသခင်၏လူများဖြစ်သော ဣသရေလလူမျိုး အတွင်းရှိ ဣသရေလလူမျိုးအကြောင်း ကျွန်ုပ်တို့ပြောဆိုနိုင်ပါသည်။

မမြင်နိုင်သောအသင်းတော်၏ဤအယူအဆသည် ဓမ္မဟောင်းပရောဖက်များ၏တွေးခေါ် ပုံနှင့် ယှဉ်တွဲနေသည်။ သူတို့သည် ဣသရေလလူမျိုးကိုကြည့်ကာ မျက်မြင်မရသောပဋိညာဉ်အသိုက်အဝန်း တစ်ခုရှိနေသည်ဟု ယုံကြည်ကြသည်။ ဣသရေလလူမျိုးရှိလူအချို့သည် အမြဲသစ္စာရှိကြသည်။ သူတို့ သည်ကယ်တင်ပေးသည့်ယုံကြည်ခြင်းကို ကျင့်သုံးသောကြောင့် သစ္စာရှိအကြွင်းအကျန်များဖြစ်ကြ သည်။ လူမျိုးတစ်မျိုးလုံးသည် ကြောက်မက်ဖွယ်ကောင်းသော ဘုရားသခင်ထံမှတရားစီရင်ခြင်းကာလ ကို ဖြတ်သန်းခဲ့ရသည့်တိုင် ၎င်းတို့၏ထာဝရကြမ္မာသည် လုံခြုံပါသည်။ မြင်နိုင်သောပဋိညာဉ်အသိုက် အဝန်းအတွင်း ရွေးနှုတ်ခံရသောသူများ၏ဤခြားနားချက်သည် ပရောဖက်ကျမ်းပိုဒ်များစွာတွင် ထင်ရှား လာသည်။

စစ်မှန်စွာနောင်တရပြီး မျက်မြင်မရသော၊ ထာဝရတည်မြဲသောကြမ္မာကို ပိုင်ဆိုင်ထားသည့် စစ်မှန်သောယုံကြည်သူများနှင့် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်း၏အပြင်ပိုင်း၌ရှိသော ဣသရေလ လူမျိုးကြားတွင် ပရောဖက်များသည် အကြိမ်ကြိမ်ပိုင်းခြားခဲ့ကြသည်။ ဥပမာအားဖြင့်၊ ယေရမိ ၄:၄ တွင် မြင်နိုင်သောယုဒလူမျိုးအား ရည်ညွှန်းထားသော ဤစကားများကိုကျွန်ုပ်တို့ဖတ်ရသည်_

> အို ယုဒပြည်သူယေရုရှလင်မြို့သားတို့၊ ထာဝရဘုရားအဖို့အလိုငှာ
> အရေဖျားလှီးမင်္ဂလာကိုခံ၍၊ သင်တို့နှလုံးအရေဖျားကို လှီးဖယ်ကြလော့။
> သို့မဟုတ်၊ သင်တို့၏အကျင့်မကောင်းသောကြောင့်၊ ငါ့အမျက်သည်
> မီးကဲ့သို့ထွက်၍၊ အဘယ်သူမျှ မငြိမ်းနိုင်အောင် လောင်လိမ့်မည် (ယေရမိ ၄:၄)။

ယေရမိသည် ယုဒအမျိုး၌အမှုတော်ကို ဆောင်ရွက်သောအခါ၊ ဣသရေလလူအပေါင်းတို့သည် ရုပ်ပိုင်းဆိုင်ရာအရေဖျားလှီးခြင်းကို ခံကြပြီးဖြစ်သည်။ ထို့ကြောင့် သူတို့နှင့် သူတို့၏မိသားစုများသည် မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းတွင်ရှိခဲ့ကြသည်။ သို့သော် တစ်ချိန်တည်းတွင်၊ ယုဒလူမျိုးအများစု ၏စိတ်နှလုံးသည် ဘုရားသခင်နှင့်မတည့်မှန်ကြောင်း ယေရမိသိခဲ့သည်။ ထို့ကြောင့်၊ စစ်မှန်သော ယုံကြည်ခြင်း၌ သူတို့၏စိတ်နှလုံးကို အရေဖျားလှီးခြင်းအားဖြင့် ဘုရားသခင်၏အမျက်တော်မှ ကယ်တင်ရန် သူသည် တိုက်တွန်းခဲ့သည်။

ပရောဖက်ယေဇကျေလကလည်း ဤခြားနားချက်ကို အလွန်ရှင်းလင်းစွာ ဖော်ပြသည်။ ယေဇကျေလ ၁၈:၃၁ တွင်_

> သင်တို့သည် ပြုသမျှသော လွန်ကျူးခြင်းအမှုတို့ကိုစွန့်ပစ်၍ အသစ်သောနှလုံး၊
> အသစ်သောစိတ်သဘောကို ပြင်ဆင်ကြလော့။ အို ဣသရေလအမျိုး၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သင်တို့သည် အဘယ်ကြောင့် အသေသတ်ခြင်းကို ခံလိုသနည်း (ယေဇကျေလ ၁၈:၃၁)။

ယေဇကျေလသည် ဣသရေလလူမျိုး၏ရုပ်ပိုင်းဆိုင်ရာအရ သားသမီးများဖြစ်ကြသူများကို မိန့်တော်မူသော်လည်း၊ ၎င်းတို့သည် ရွေးနှုတ်ခံရသောလူများ၊ ထာဝရအသက်အတွက် စိတ်ချမှုရှိသူများ ဟု မဆိုလိုပါ။ ဤအကြောင်းကြောင့်၊ ပရောဖက်သည် စိတ်ရင်းမှန်ဖြင့် နောင်တရရန် တောင်းဆိုထား သည်။

ဓမ္မဟောင်းပရောဖက်ကျမ်းများကို ဖတ်ရှုသည့်အခါတိုင်း၊ ကျွန်ုပ်တို့သည် ပဋိညာဉ်နှင့်စပ်လျဉ်း သည့် ကယ်တင်ခြင်းအကြောင်း သူတို့နားလည်ပုံကို အမြဲအမှတ်ရနေရမည်ဖြစ်သည်။ ပဋိညာဉ်၌ရှိခြင်း သည် ရွေးနှုတ်ခြင်း သို့မဟုတ် ထာဝရကယ်တင်ခြင်းရရှိမှုနှင့် မတူပါ။ ဓမ္မဟောင်းပရောဖက်များသည် လူများကို အမျိုးအစားခွဲခြားသောအခါ မြင်နိုင်သောဣသရေလလူမျိုး၏အပြင်ဘက်တွင်ရှိသော တစ်ပါးအမျိုးသားများအကြောင်း ဦးစွာစဉ်းစားကြသည်။ ဤလူတို့သည် ဣသရေလလူမျိုးထံသို့မပါဝင်၊ ဣသရေလ၏ဘုရားသခင်၌ ကယ်တင်ခြင်းတရားကို မတွေ့ရှိပါက မျှော်လင့်ချက်မဲ့ကာပျောက်ဆုံးသွား ကြသည်။

ယခုတွင် မြင်နိုင်သောဣသရေလလူမျိုးသည် ဘုရားသခင်၏အမြင်တွင် အလွန်ထူးခြားကြောင်း ကို ပရောဖက်များက သိကြသည်။ ၎င်းတွင် ဣသရေလလူမျိုး၏ရုပ်ပိုင်းဆိုင်ရာ သားသမီးများအားလုံး နှင့် ဣသရေလလူမျိုး၏ဘာသာတရားနှင့် နီးကပ်စွာဆက်နွယ်နေသည့် တစ်ပါးအမျိုးသားများ ပါဝင် သည်။ ဤမြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းတွင် စစ်မှန်သောယုံကြည်သူများနှင့် မယုံကြည်သူများ နှစ်မျိုးလုံးရှိသော်လည်း၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်တို့နှင့်ပြုသောပဋိညာဉ်များဆိုင်ရာ ကောင်းချီးများနှင့် တာဝန်များကိုခံစားရန် ရွေးချယ်ထားသောအသိုင်းအဝိုင်းဖြစ်သည်။ ဤနေရာသည် လူများ ကယ်တင် ခြင်းရရှိမည့်နေရာဖြစ်သည်။

၎င်းအပြင်၊ ပရောဖက်များ၏တွေးခေါ်မှုကိုလည်း တတိယအမျိုးအစားသည်လွှမ်းမိုးထားသည်။ ဣသရေလလူမျိုးအတွင်း မျက်မြင်မရသောအသိုက်အဝန်းတစ်ခုရှိကြောင်း ပရောဖက်များ သိကြသည်။ ဤသည်မှာ စစ်မှန်စွာယုံကြည်သော ဘုရားသခင့်သစ္စာရှိလူမျိုး၏ ဖြောင့်မတ်သူအကြွင်းအကျန်ဖြစ် သည်။ သူတို့သည် ခက်ခဲသောအချိန်များကို ဖြတ်သန်းကြသော်လည်း၊ အကြွင်းအကျန်များသည် ပြီးပြည့်စုံခြင်းမှ ဝေးကွာခဲ့ကြသော်လည်း၊ အာဗြဟံကဲ့သို့ ထာဝရဘုရားကို ယုံကြည်ကိုးစားနေဆဲဖြစ် ကြပြီး သူတို့၏ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခဲ့ကြသည်။

# နိဂုံး

ကျွန်ုပ်တို့သည် ပရောဖက်ကျမ်းများကိုဖတ်သည့်အခါတိုင်း၊ ဤထူးခြားချက်များကို သိရှိရမည်ဖြစ်သည်။ ပဋိညာဉ်၏အပြင်ဘက်ရှိသူများ၊ မြင်နိုင်သောပဋိညာဉ်လူမျိုးနှင့် မျက်မြင်မရသောပဋိညာဉ်၌ရှိသူများဖြစ်သည်။ ကျွန်ုပ်တို့သည် ဤထူးခြားချက်များကို မည်သည့်အခါမှ မမေ့ပါက၊ များစွာသော ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်ပြီး၊ ပရောဖက်များ၏သတင်းစကားကို ကြီးမားစွာ ထိုးထွင်းသိမြင်နိုင်မည်ဖြစ်သည်။

ဤသင်ခန်းစာတွင်၊ ပဋိညာဉ်၏လူများကို ပရောဖက်များနားလည်သဘောပေါက်ပုံနှင့်ပတ်သက်သည့် အကြောင်းအရာများစွာကို ကျွန်ုပ်တို့ဆွေးနွေးထားပါသည်။ အာဒံနှင့် နောဧတို့နှင့်ပဋိညာဉ်ဖွဲ့ထားသော်လည်း လူအားလုံးသည် သခင်ဘုရားနှင့်သက်ဆိုင်ကြောင်း သူတို့ယုံကြည်ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ထို့နောက်တွင်၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်နှင့်သာမက ခရစ်တော်၌ရှိသော ပဋိညာဉ်တရားသစ်တို့ကြောင့် ဣသရေလလူမျိုးသည် ဘုရားသခင်နှင့် အလွန်ထူးခြားသောဆက်ဆံရေးရှိခဲ့သည်။ ထို့ပြင် ကျွန်ုပ်တို့မကြာခဏသတိမထားမိသည့် ကွဲပြားမှုများကို ပရောဖက်များကသတိပြုမိကြသည်။ သူတို့သည် လောကရှိလူမျိုးသုံးမျိုးအနေဖြင့် တွေးတောခဲ့ကြသည်_ပဋိညာဉ်ပြင်ပရှိသူများ၊ ပဋိညာဉ်အတွင်းရှိမယုံကြည်သူများနှင့် ပဋိညာဉ်အတွင်းမှ စစ်မှန်သောယုံကြည်သူများ ဟူ၍ဖြစ်သည်။ ဤခြားနားချက်များကို ကျွန်ုပ်တို့သတိရပြီး ဘုရားသခင်၏လူတို့အပေါ် ပရောဖက်များ၏နားလည်ပုံကို သတိရသည့်အခါ၊ ကျွန်ုပ်တို့သည် ပရောဖက်ပြုချက်ဆိုင်ရာနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ခေတ်နှင့်အညီ နားလည်အသုံးပြုနိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။